ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 14 November 2024 ၁၁၆၄၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသည့် ဆရာတော်ကြီးများနှင့် မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

**ယနေ့ ဖတ်စရာ**

**မင်္ဂလာပါ ...**
**ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်**
ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၄ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်**
စာမျက်နှာ » ၁၂

**ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်းရှိ စမုံ-သပြေတောင်း ဘူတာအကြား စမုံတံတား ပြန်လည်မွမ်းမံပြင်ဆင်မည်**
စာမျက်နှာ » ၁၅

**တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့ဝယ်**
ဆောင်းပါး စာမျက်နှာ » ၁၇

ကြေးမုံ

# ထူးမြတ်သည့်ကထိန်လျာသင်္ကန်း အမွန်မြတ်ဆုံးဆက်ကပ်လှူဒါန်း

ပွင့်တော်မူပြီးခဲ့သော ဘုရားရှင်တို့သည် ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူရန် ကြံစည်တော်မူခဲ့သည်။ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူလိုသဖြင့် ရဟန်းတော်တို့ကို ခေါ်တော်မူ၍ "ရဟန်းတို့ ပုရိမဝါ(ပထမဝါ)သို့ ကပ်တော်မူလျက် ဝါမှကျွတ်တော်မူလာကြကုန်သော ရဟန်းတို့ကို ငါဘုရား ခွင့်ပြုတော်မူ၏"ဟု မိန့်တော်မူကာ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူလေသည်။ ကထိန်ခင်းရန် ရက်အပိုင်းအခြားကား သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတည်းသာဖြစ်၍ ကုသိုလ်ထူးကိုလက်မလွတ်စေရန် ဆက်ကပ်လှူဒါန်းရမည့်အချိန်အခါဖြစ်သည်။

ကထိန်ခင်းခြင်း ခွင့်ပြုတော်မူခဲ့သည့်အကြောင်းကား အခါတစ်ပါး၌ ရဟန်းတော် သုံးဆယ်တို့သည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသော ဘုရားရှင်အားဖူးမြော်ရန် ခြေကျင်ခရီးဖြင့် ကြွတော်မူကြသည်။ သာဝတ္ထိမြို့သို့ သွားရောက်သောအခါ ဝါဆိုလပြည့်နေ့နှင့် နီးကပ်လာသောကြောင့် ဆက်လက်သွားရောက်ရန် မဖြစ်နိုင်တော့သဖြင့် လမ်းခုလတ်ရှိ သာကေတမြို့တွင် ဝါကပ်တော်မူကြသည်။ ဝါတွင်းသုံးလကာလပတ်လုံး သီတင်းသုံးကြရသည်။ ရဟန်းတော်တို့သည် သာကေတမြို့၌ သီတင်းသုံးပြီး သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့တွင် ပဝါရဏာပြုပြီး မြတ်စွာဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိမြို့သို့ ခရီးဆက်ခဲ့ကြသည်။

ထိုအချိန်ကာလသည် မိုးရာသီကာလဖြစ်သောကြောင့် ရဟန်းတော်တို့၏ နှစ်ထပ်သင်္ကန်းများတွင် ရေများဝင်ကာ လေးလံလျက်ရှိသည်။ ရဟန်းတော်များသည် ဓုတင်ဆောင်ရဟန်းများဖြစ်သောကြောင့် သပိတ်၊ နှစ်ထပ်သင်္ကန်း စသည်တို့ကို ပခုံးတစ်ဖက်စီတွင်လွယ်လျက် ပင်ပန်းခက်ခဲစွာ မြတ်စွာဘုရားထံ ခရီးဆက်ခဲ့ကြသည်။ မြတ်စွာဘုရားထံသို့ရောက်သောအခါ သင့်တင့်လျောက်ပတ်သောနေရာတွင် ထိုင်လျက် ရှိသေစွာရှိခိုးကြသည်။ မြတ်စွာဘုရားက ရဟန်းတို့အား "ရဟန်းတို့ ကျန်းမာကြရဲ့လား၊ မျှတကြရဲ့လား၊ ဝါတွင်းသုံးလပတ်လုံး ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာနဲ့ အငြင်းအခုံမရှိ ချမ်းသာစွာနေထိုင်ကြရဲ့လား၊ ဆွမ်းအတွက် မပင်မပန်း ချမ်းချမ်းသာသာရှိကြရဲ့လား"ဟု မေးတော်မူသည်။

ရဟန်းတို့ကလည်း ကျန်းမာကြောင်း၊ မျှတကြောင်း၊ ချမ်းသာစွာနေထိုင်ခဲ့ကြောင်း၊ ဆွမ်းအတွက် မပင်ပန်းကြကြောင်း" လျှောက်ထားလေသည်။ ထို့နောက် ရဟန်းတို့သည် မြတ်စွာဘုရားထံလာရာလမ်း၌ ဖြစ်ပျက်ခဲ့ပုံများကို လျှောက်ထားကြသည်။ မြတ်စွာဘုရားရှင်က ရဟန်းသုံးဆယ်တို့အား အနမတဂ္ဂိယသုတ္တန်ကို ဟောကြားတော်မူသည်။ တရားဆုံးသောအခါ ရဟန်းတို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တို့ကို ရတော်မူကြကာ ဈာန်ဖြင့် ပါဝေယျတိုင်းသို့ ကြွတော်မူကြသည်။ ရဟန်းတော်များပြန်ကြွသွားပြီးနောက် မြတ်စွာဘုရားသည် ကထိန်ခင်းခြင်းကို ခွင့်ပြုပြီးဖြစ်မည်ဆိုပါက ဤသို့ပင်ပန်းမည်မဟုတ်ဟု ဆင်ခြင်တော်မူပြီး ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့ရာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကထိန်ခင်းခြင်းကောင်းမှုကို အစဉ်အလာပြုကြသည်။

ကထိန်ခင်းခြင်းကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်း ကျင်းပရသည်။ ကထိန်ခင်းခြင်း ဝိနည်းကံကို ကထိန်ခင်းသူနှင့်တကွ ငါးပါးရှိမှ ဆောင်ရွက်နိုင်သည်။ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသော ရဟန်းရှိရာကျောင်းတိုက်၌ ကထိန်ခင်းကြသည်။ ကထိန်သင်္ကန်းကို ဥ တ်သင်္ကန်း၊ ကထိန်လျာသင်္ကန်း၊ မိုးပေါ်ကျသင်္ကန်း၊ မသိုးသင်္ကန်းဟု ခေါ်ဝေါ်ကြသည်။ ဘုရားရှင်ခွင့်ပြုတော်မူခဲ့သော သင်္ကန်းသုံးမျိုးမှာ နှစ်ထပ်သင်္ကန်း ခေါ် ဒုကုဋ်၊ ကိုယ်ဝတ်ခေါ် ကေသီ၊ ခါးဝတ်ခေါ် သင်းပိုင်တို့ဖြစ်သည်။ ကထိန်သင်္ကန်းဖြစ်ပေါ်လာအောင် အမိအဖကိုပင် မည်သည့်ဥပါယ်နှင့်မျှ မတောင်းအပ်၊ အလှူမခံရ။ သဒ္ဓါအလျောက်ဖြစ်ပေါ်လာမှ ခင်းရသည်။ သင်္ကန်းကို လှူသောအခါ၌လည်း ပုဂ္ဂိုလ်ကို မရည်ညွှန်းရ။ "ဣမံ ကထိန စီဝရံ သံဃဿ ဒေမ"ဟုဆို၍ သင်္ကန်းတစ်ထည်ဖြစ်စေ၊ အများဖြစ်စေ သံဃာကိုရည်ညွှန်းလှူဒါန်းမှသာ ကထိန်အရာမြောက်သည်။

ယခုအခါ မြန်မာပြည်တစ်ဝန်း၌ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကောင်းမှုအစုစုတို့ကို ဗုဒ္ဓဘာသာဝင် လူထုလူတန်းစားအလွှာအသီးသီးတို့ ပြုလုပ်နေကြရာ ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပြီး ကောင်းမှုအထူးတို့ကိုရရှိစေမည်ဖြစ်သည်။ ကထိန်ခင်းခြင်းဟူသည် အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ရဟန်းတော်တို့ကို အလေးအမြတ်ပြု၍ အကျိုးပေးမြဲမြံခိုင်ခံ့သောအလုပ်၊ အကျိုးငါးချက်ကို တစ်ပြိုင်နက်တည်း ပေါင်းရုံးသိမ်းကျုံး၍ ရရှိစေနိုင်သောအလုပ်၊ ဘုရားအစရှိသော သူတော်ကောင်းပညာရှိတို့ ချီးမွမ်းအပ်သောအလုပ်ဖြစ်၍ အကျိုးကြီးမားထူးမြတ်သည့် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းဖြင့် ကောင်းမှုအထူးထူးတို့ကို ရယူနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## တောင်ကြီးနှင့် ညောင်ရွှေမြို့နယ်တို့၌ ဆီထွက်သီးနှံများစိုက်ပျိုးထားရှိမှု ကွင်းဆင်းဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သံတဲကျေးရွာအုပ်စု ရွှေသံတဲစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းရှိ အသင်းသားပိုင်ယာမြေများတွင် ဆီနေကြာစိုက်ပျိုးနိုင်ရေးနှင့် ပြောင်းမျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများ၊ ညောင်ရွှေမြို့နယ် တိလောကျေးရွာ၊ လွယ်မောကျေးရွာ၊ မိုင်းပျိုးကျေးရွာနှင့် မိုင်းသောက်ကျေးရွာတို့ရှိ သမဝါယမအသင်းသားပိုင်လယ်ယာမြေများတွင် ဆီနေကြာစိုက်ပျိုးနိုင်ရေးနှင့် ရှူရှားဆေးမြေသြဇာအသုံးပြုနေသော သီးနှံစိုက်ခင်းများသို့ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က မြို့နယ်အတွင်းရှိ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၇၀၀ | ၁,၂၃၅ | ၁၀,၇၁၉,၅၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၁၂၁ | ၄၀၅,၃၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၃၅ | ၂၉၄,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၀၀ | ၁၂၅ | ၂၄၀,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၁၃၀ | ၁,၈၉၆,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၅၇ | ၁၉၀,၉၅၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၃၂ | ၁,၁၂၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များ မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

★ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယ ကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယ ကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို

စာမျက်နှာ ၄ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကထိန်အလှူခံကျောင်း မာရဝိဇယကျောင်းတော်ကြီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပေါက်မြိုင်ဆရာတော်ကြီး ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

★ စာမျက်နှာ ၃ မှ

ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် မာရဝိဇယကျောင်းတော် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပေါက်မြိုင် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်းမာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ပဏ္ဍိတထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြားသည်။

ထို့နောက် မာရဝိဇယကျောင်းထိုင်ဆရာတော်ကြီးထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ပေါက်မြိုင် ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်တေးသီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**စည်ကားများပြားစွာ လာရောက်ကြည့်ရှု**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးကြာခွက်များကိုင်ဆောင်၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုး ဒေါ်မိုးအက၊ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်များ တီးမှုတ်၍ ကြိုဆိုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ် အလုံး ၅၀၀ ကို လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံများနှင့် ညမီးကျည် (ညမီးကြီး) မီးပုံးပျံများ လွှတ်တင်ပူဇော် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

**စာမျက်နှာ ၆ သို့ ✻**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးကြာခွက်များ ကိုင်ဆောင်၍ ကြိုဆိုကြစဉ်။



## ကြည့်ရှုအားပေး

မီးပုံးပျံငယ် အလုံး ၅၀၀ ကို လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးစဉ်။

✻ စာမျက်နှာ ၅ မှ

မီးပုံးပျံများ လွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

### မီးပုံးပျံငယ်များကို လွှတ်တင်ပူဇော်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည်အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မီးပုံးပျံငယ်များကို လွှတ်တင်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ ရင်ပြင်တော်ပေါ်၌ လှည့်လည်ဖူးမြော် ကြည်ညို၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

စာမျက်နှာ ၇ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မီးပုံးပျံငယ် လွှတ်တင်ပူဇော်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။





စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ဘုရားဖူးလာ ရဟန်း ရှင်လူပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

❋ စာမျက်နှာ ၆ မှ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနက ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသားဖိုးချစ်အဖွဲ့က ဇာတ်သဘင်ဖျော်ဖြေမှုတို့ကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများပြည်သူများ အနေဖြင့် လာရောက်ဖူးမြော် ကြည်ညိုကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ဘုရားဖူးလာရဟန်း၊ ရှင်လူပြည်သူများ ကြည့်ရှုအားပေးကြစဉ်။







တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုး ဒေါ်မိုးအက၊ တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်များဖြင့် တီးမှုတ်ဖျော်ဖြေကြစဉ်။

# ပျဉ်းမနားသကြားစက်ရုံဝင်းအတွင်း ရေဘေးသင့်ဝန်ထမ်း အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၃

ပျဉ်းမနားသကြားစက်ရုံဝင်းအတွင်း ရေဘေးသင့်ဝန်ထမ်းအိမ်ထောင်စုများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက စက်ရုံစုဝေးဆောင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများ၊ ရေဘေးသင့်ဝန်ထမ်းအိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မိသားစုများ၏ မူလအခြေအနေထက်ပိုမိုကောင်းမွန်အောင် ပြန်လည်ထူထောင်နိုင်ရေး၊ ရေဘေးသင့်စက်ရုံဝန်ထမ်း အိမ်ထောင်စု ၂၅၂ စု အတွက် စုစုပေါင်းငွေကျပ် ၅၁၁၅၆၀၀၀ တန်ဖိုးရှိ မိသားစုသုံး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြကာ ရေဘေးသင့်ဝန်ထမ်း အိမ်ထောင်စုဝင်များကိုရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ရေကြီးရေလျှံမှုများကြောင့် ပျဉ်းမနားသကြားစက်ရုံဝင်းအတွင်းရှိ သကြားစက်ရုံများ၊ သိုလှောင်ရုံများ၊ ဝန်ထမ်းနေအိမ်များကို ရွှံ့နွံနှင့် နုန်းများဖုံးလွှမ်းမှုဖြစ်ပေါ်ခဲ့သည့် ရေဘေးသင့်ဝန်ထမ်းအိမ်ထောင်စု ၂၅၂ စု အတွက် အိမ်ထောင်စုတစ်စုလျှင် လီတာ ၂၀၀ ဆံ့ ရေတိုင်ကီ တစ်လုံး၊ ပစ္စည်း ထည့်ပုံးကြီး တစ်လုံး၊ ပုံးဝိုင်းကြီး တစ်လုံးနှင့် ရေပုံး နှစ်လုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံ တစ်ဝန်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင်ထားရှိပြီး အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် ယခုကဲ့သို့ စာအုပ်များ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဖောင်ဒေးရှင်းရန်ပုံငွေမှ စာအုပ်များဝယ်ယူထောက်ပံ့ခြင်း၊ ယခုကဲ့သို့ အလှူခံရရှိသည့်စာအုပ်စာစောင်များကိုလည်း ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာကြည့်တိုက်များအတွက် အဓိကလိုအပ်ချက်သည် စာအုပ်များဖြစ်ပါကြောင်း၊ စာအုပ်များများထောက်ပံ့နိုင်ရန် အလှူရှင်များတိုးပွားရေးအတွက် စည်းရုံးပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာအုပ်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာအုပ်များ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့လှူဒါန်းသော စာအုပ်များမှာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တတိယသက်တမ်းလှုပ်ရှားမှုပုံရိပ်များ(၂) စာအုပ် ၃၅၀၊ သတင်းမီဒီယာပုံနှိပ်မှတ်တမ်းစုံစာတမ်းများ စာအုပ် ၁၅၀၊ သူတို့ပြောသည့် မြန်မာသတင်းမီဒီယာ သမိုင်းစာအုပ် ၅၀၀ စုစုပေါင်း စာအုပ် ၁၀၀၀ တန်ဖိုးငွေကျပ် ၇၄၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း



ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် (၃၇) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ (ဗိုလ်ချုပ်ကြီး မဟာသရေစည်သူ စိုးဝင်း)- ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ)မိသားစု၊ ဦးကျော်ညွန့်ရည်- ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တက္ကသိုလ်တင်မောင်ထွေး (နတ်ရေကန်)အားရည်စူး၍ နတ်ရေကန် မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးဝေလွင်(အမျိုးသားစာပေဆုရ ဝေလွင်မောင်)နှင့် တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ အမျိုးသားစာပေဆုရ ဦးကျော်မြင့်(GA)က ငွေကျပ်သုံးသိန်း၊ ဆရာမကြီး ဒေါ်ကြွယ်ကြွယ်(မကြွယ်ကြွယ်)အားရည်စူး၍ သမီး ဒေါ်ချိုချိုလတ်က ငွေကျပ်၂၅၀၀၀၀၊ ဦးဖေသက်ညွန့် (ဆွေဇင်ညွန့်) မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်မြင့်အေး (လာဘ်မိုးစွေ စာပေတိုက်)-ဒေါက်တာစောယုနွယ်မိသားစုက ငွေကျပ်၁၅၀၀၀၀၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းက ထပ်မံလှူဒါန်းငွေကျပ် ၁၃၀၀၀၀၊ စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့ မိသားစု၊ ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ ပန်းဘဲတန်းမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ လေအန်ကုန်းစာပေရပ်ဝန်း၊ အလင်္ကာကျော်စွာ စာရေးဆရာကြီး တင့်တယ်မိသားစု၊ အလင်္ကာကျော်စွာ ဆရာကြီး သူရဇော် -(ခင်- တိုင်းရင်းမေ)စာပေမောင်နှံမိသားစု၊ ဒေါက်တာမောင်မောင်မြင့်-ပဲခူးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)၊ ဒေါက်တာခင်မောင်လွင် (FAME Pharmaceuticals)၊ ဆရာဇော်ထူးနိုင် (စာပေနှင့်ဂမ္ဘီရ)နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ တောင်ဥက္ကလာပ စေတီတော်ဂေါပကဥက္ကဋ္ဌ ဒေါက်တာအေးကို၊ မြိတ်မြို့နယ်စာရေးဆရာအသင်း၊ မော်လမြိုင်မြို့နယ် စာရေးဆရာအသင်း၊ ကြည့်မြင်တိုင်မြို့နယ်စာရေးဆရာအသင်း၊ ကော့မှူးမြို့နယ် စာရေးဆရာအသင်း၊ စာရေးဆရာမ သက်ဦးခင်မိသားစုနှင့် မမိုးအေး(ကိုယ်တိုင်ရေး)တို့က ငွေကျပ်ငါးသောင်းစီ၊ မောင်ခေတ်ထွန်း- ဒေါ်လေးမြင့်မြင့်ရီ၊ ဦးညွန့်တင် (သီဟညွန့်တင်-လသာ)၊ ဦးထွန်းငွေ-ဒေါ်ခင်ဌေးမြင့်(သန်လျင်မြို့နယ်)၊ ဒေါ်ခိုင်မိုးဝေ၊ ဒေါ်ယဉ်မွေး(ယဉ်ယဉ်-ဘက်ရဲ)နှင့် ဦးခင်ဇော်ဝင်း (ခက်ဇော်-ကဗျာ)-ဒေါ်မြင့်မြင့်အေး(ပန်းမြမွေး)၊ ဦးစံရှိန်(ဆရာကြီးရှိန်)၊ ယိမ်းနွဲ့လျှံ (မိသားစု)နှင့် ဒေါ်လှဲ့လှဲ့ဝင်းမောင်(ပျိုပျိုယောဂ-သစ်တော) တို့က ငွေကျပ် နှစ်သောင်းစီ၊ ဒေါ်ခင်မမ(ခင်လေးစိန်-ဘိုကလေး)၊ ဒေါ်မြတ်စုမွန်စိုး(ပန်းမြတ်ခရေ)၊ ဒေါ်နွဲ့နွဲ့ရီ(နွယ်ရီ)၊ ဒေါ်ခင်ခင်ဦး (တက္ကသိုလ်နန်းမိုခမ်း)နှင့် ဦးလှမြင့်(ဂန္ဓမာ)တို့က ငွေကျပ်တစ်သောင်းစီ လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေး

ဇီးကုန်း နိုဝင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဇီးကုန်းမြို့နယ် ညောင်ဇင်ကျေးရွာ ညောင်ဇင်ပညာပေးစခန်းတွင် အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေး၊ စံပြကွက်ကြီးများအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဇီးကုန်းမြို့နယ် ညောင်ဇင်ပညာပေးစခန်း၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမိုးက အဖွင့်အမှာစကားပြောကြားပြီး အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က မတ်ပဲသီးနှံပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းပညာများ၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းမြင့်က ပဲတီစိမ်းသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများ၊ ဒုတိယဦးစီးမှူး ဦးစောမြင့်က နှမ်းသီးနှံပေါင်ကြီးတင် စိုက်ပျိုးနည်းစနစ်များ၊ သာယာဝတီခရိုင် နည်းပညာပေးအဖွဲ့ခေါင်းဆောင် ခရိုင်ဦးစီးမှူး ဒေါ်ညိုညိုသိမ်းက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းနည်းပညာများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကေသွယ်ဝင်းက တောင်သူများ တစ်နိုင်တစ်ပိုင် မျိုးထိန်းနည်းပညာများနှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးသော်ဆန်းမင်းက မြေဆီလွှာနှင့် သီးနှံအာဟာရဓာတ်နည်းပညာများကို ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် ချူရှုံးပြည်နယ်ခွဲများသို့ လေ့လာရေးခရီးစဉ်သွားရောက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ယူနန်ပြည်နယ် ကောင်စစ်ဝန် ဦးသွင်ထက်လင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် ချူရှုံးပြည်နယ်ခွဲများသို့လေ့လာရေးခရီးစဉ်သွားရောက်ကြသည်။

**ကြည့်ရှုလေ့လာ**

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် ယမန်နေ့ ညနေပိုင်းတွင် ကူမင်းမြို့ရှိ ယူနန်ပြည်နယ် သယ်ယူပို့ဆောင်ရေးနှင့် သက်မွေးပညာ လူငယ်သင်တန်းကျောင်း ဒီဂရီကောလိပ်သို့ သွားရောက်လေ့လာသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် ချူရှုံးပြည်နယ်ခွဲ ယောင်အန်းခရိုင်ရှိ "အရှေ့တိုင်းနှင်းဆီတောင်ကြား" လယ်ယာစိုက်ပျိုးရေးဥယျာဉ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြပြီး တျန်းယွင်၊ ယွမ်ရှို့၊ ရှူချို၊ ထျန်းလန်စသည့် တရုတ်ဂန္ဓမာပန်း၊ ထာဝရပန်းနှင့် နှင်းဆီပန်းများအား ဖန်လုံအိမ် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ပြီး တရုတ်ပြည်တွင်းနှင့် ပြည်ပသို့ ကူမင်းနိုင်ငံတကာ ပန်းမန်စင်တာမှတစ်ဆင့် ပို့ဆောင်ဖြန့်ချိမှု၊ မြေယာရှခင်းအလှဆင် နှင်းဆီပန်းပျိုးပင်များအား ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု၊ ခေတ်မီ စက်မှုလယ်ယာစိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ချေးငွေများ ထုတ်ပေးပြီး မတည်ဆောင်ရွက်ပေးမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကွမ်းလုရှေးမြို့ဟောင်း ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ပြီး ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများနှင့် အသုံးအဆောင်များ ထိန်းသိမ်းထားရှိမှု၊ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးစေရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

**ရိုးရာအဆိုအကတို့ဖြင့် ဧည့်ခံဖျော်ဖြေ**

ထိုမှတစ်ဆင့် ချူရှုံးမြို့သို့ ဆက်လက် သွားရောက်ကြပြီး ဝန်ဆောင်မှုစင်တာတွင် ချူရှုံးပြည်နယ်ခွဲ တာဝန်ခံက ညစာစားပွဲနှင့်အတူ ရိုးရာအဆိုအကတို့ဖြင့် ဧည့်ခံဖျော်ဖြေရာ မြန်မာကိုယ်စားလှယ် အဖွဲ့ကလည်း ပြန်လည်သီဆိုကပြဖျော်ဖြေခဲ့ကြပြီး မြန်မာ့တေးသီချင်းဖြင့် စုပေါင်း၍ ပျော်ရွှင်စွာသီဆိုကပြ ဖျော်ဖြေခဲ့ကြသည်။

ညပိုင်းတွင် **ထိုက်ယံလိ** ပန်းခြံရင်ပြင်နှင့် တရုတ်- ယီတိုင်းရင်းသားတို့၏ နေပြက္ခဒိန်ဆိုင်ရာနှင့် နက္ခတ်တာရာပြတိုက်ကို သွားရောက်လေ့လာကြသည်။

အဆိုပါ ရင်ပြင်ပန်းခြံတွင် ပြည်သူများနှင့် ခရီးသွားဧည့်သည်များ ပျော်ရွှင်အေးချမ်းစွာ အပန်းဖြေ သီဆိုကခုန်၊ ကစားနိုင်ရန် စီစဉ်ပေးထားကြောင်း၊ ယင်းနေရာတွင် ပြည်နယ်ခွဲအတွင်း ရင်းနှီးခင်မင်စွာ နေထိုင်ကြသော တရုတ်တိုင်းရင်းသား လူမျိုးစုခြောက်မျိုးအတွက် ကိုယ်စားပြုပန်းအိုးကြီးခြောက်လုံးအား အလယ်တွင် ဗဟိုပန်းအိုးကြီးတစ်လုံး ထည့်သွင်း၍ တင့်တယ်ခမ်းနားစွာ ပြုလုပ်ထားရှိပြီး နှစ်စဉ်စုပေါင်း ပျော်ပွဲရွှင်ပွဲနှင့် ဆုတောင်းပွဲကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပကြကြောင်း၊ ပြတိုက်တွင်လည်း တရုတ်-ယီတိုင်းရင်းသားရိုးရာ နေပြက္ခဒိန်ကို ကမ္ဘာ့အစောဆုံး ပြက္ခဒိန်ငါးခုတွင် စတင်၍ ခေတ်ပြိုင်ပါဝင်တီထွင်အသုံးပြုနိုင်မှုအား ရုပ်ပုံ/ ရုပ်တု၊ ရှေးဟောင်း ပစ္စည်းများဖြင့် ဆင်ယင်ပြသထားရှိသည့်အပြင် ယင်းနှင့်သက်ဆိုင်သည့် မိရိုးဖလာဒဏ္ဍာရီကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း၊ အဆိုပါ ပန်းခြံရင်ပြင်နှင့် ပြတိုက်ကို ၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အကြီးစားပြုပြင်မွမ်းမံကာ နှစ်စဉ်လည်းပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချူရှုံးမြို့ရှိ တျန်းမှိဘုရင် GPX Hotel ၌ ညအိပ်ရပ်နားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကွမ်းလုရှေးမြို့ဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြည့်ရှုလေ့လာကြစဉ်။

## ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ထုတ်ဝေသူ ဦးမောင်မောင်လှ (ရွှေနိုင်ငံစာပေနှင့်ပိုစတာဖြန့်ချိရေး) သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၁ (ခ)နှင့် ပုဒ်မ ၁၈ တို့ကို လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိရပါသဖြင့် ၎င်းအားထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။ ယင်းထုတ်ဝေခြင်းလုပ်ငန်းသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေမည်သည့်ထုတ်ဝေစာကိုမျှ ထုတ်ဝေဖြန့်ချိ ဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပေါက်ခေါင်းမြို့နယ်၌ တောင်သူနည်းပညာပေး ဆွေးနွေးပွဲကျင်းပ

**ပေါက်ခေါင်း နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး စံပြကွက်ကြီးများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းပညာဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပေါက်ခေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းထွန်းက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က ဝါသီးနှံ၊ မတ်ပဲသီးနှံ ပန်းတိုင်အထွက်နှုန်းတိုးတက်စေရန် ဆောင်ရွက်ရမည့်နည်းပညာများ၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ရုံးမှ တာဝန်ရှိသူများက ဝါသီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် တောင်သူများက တစ်ပိုင်တစ်နိုင်မျိုးထိန်းသိမ်းရေး နည်းပညာများ၊ မြေဆီလွှာနှင့်သီးနှံအာဟာရဆိုင်ရာ နည်းပညာများကို ဆွေးနွေးခဲ့ကြကာ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



## ညစ်ညမ်းစာများဖော်ပြပါရှိသည့် ထုတ်ဝေစာများအား အရေးယူဆောင်ရွက်မှု အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ကြောင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားရှိသည်။

၂။ ပုံနှိပ်သူ ဦးရာဇာရဲထွဋ် (Right ပုံနှိပ်တိုက်-၀၁၃၃၇) နှင့် ထုတ်ဝေသူ ဒေါ်စိန်ကြည် (The Destiny Book House- ၀၃၂၆၆)တို့မှ ပုံနှိပ်ထုတ်ဝေသော စာရေးသူ Mahuyar ရေးသားသည့် "1500 Miles to you" နှင့် "အမုန်းနဲ့ပျိုးတဲ့ ချစ်ခြင်းအလင်္ကာ" စာအုပ်များတွင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းကလက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော ညစ်ညမ်းစာများဖော်ပြပါရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကို ဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့သည့် ပုံနှိပ်သူ ဦးရာဇာရဲထွဋ် (Right ပုံနှိပ်တိုက်-၀၁၃၃၇) နှင့် ထုတ်ဝေသူ ဒေါ်စိန်ကြည် (The Destiny Book House-၀၃၂၆၆) တို့၏ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ရုပ်သိမ်းခဲ့ပြီး ယင်းစာအုပ်များအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မင်္ဂလာပါ ... ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်

## အားကစားပရိသတ်တစ်ဦး

ယနေ့ မျက်မှောက်ကာလတွင် ကျင်းပသည့် ပြည်တွင်း ပြည်ပအားကစားပြိုင်ပွဲများသည် ပြိုင်ပွဲကျင်းပရုံ၊ ဝင်ရောက်ယှဉ်ပြိုင်ရုံ အားကစားကဏ္ဍသက်သက်မျှသာ မဟုတ်တော့။ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ထည်စေခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို နိုးကြားတက်ကြွစေခြင်း စသည့် ဝိသေသ လက္ခဏာသဘောများ ပါဝင်လာသည်။

၂၀၀၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ည ၉ နာရီ ၅၅ မိနစ်။ နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ Juan Antonio Samaransh က မော်စကိုမြို့တော်တွင် ၂၀၀၈ ခုနှစ်နွေရာသီအိုလံပစ်အားကစားပွဲတော် ကျင်းပခွင့်ရရှိသည့်မြို့ကို “BEIJING”ဟု ကြေညာလိုက်သည့် တစ်ခဏအတွင်းမှာပင် ရုပ်မြင်သံကြားရှေ့တွင် မျှော်လင့်စောင့်စားနေကြသော တရုတ်ပြည်သူအပေါင်းသည် ခုန်ပေါက်မြူးထူး နှစ်ထောင်းအားရဖြင့် တစ်ခဲနက် ကောင်းချီးသြဘာပေးခဲ့ကြသည်။ တရုတ်နိုင်ငံ တစ်နိုင်ငံလုံးရှိ မြို့ရွာအသီးသီးတို့တွင်လည်း လူအများစုဝေးကာ သီချင်းများဆိုကြ ကကြ၊ ကားဟွန်းများ အဆက်မပြတ် တီးကြဖြင့် တစ်နိုင်ငံလုံး အုတ်အုတ်ကျက်ကျက်၊ ခြိမ့်ခြိမ့်ညံ အောင်ပွဲခံခဲ့ကြသည်။

### စုဝေးအောင်ပွဲခံရန် မျှော်လင့်စောင့်စားနေကြသူ လေးသိန်းမျှရှိ

ထျန်းအန်းမင်ရင်ပြင်တွင် စုဝေးအောင်ပွဲခံရန် မျှော်လင့်စောင့်စားနေကြသည့် ခန့်မှန်းခြေ လေးသိန်းမျှရှိသော ပေကျင်းမြို့တော်သူ မြို့တော်သားအပေါင်းကလည်း ဇဟိုရုပ်သံဌာနက မော်စကိုမှ တိုက်ရိုက်ထုတ်လွှင့်နေမှုကို ကြီးမားသော ရုပ်သံဆိုင်းဘုတ်မြင်ကွင်းပေါ်မှတစ်ဆင့် စောင့်မျှော်ကြည့်ရှုရင်း အနီရောင်စာလုံးဖြင့် **“ငါတို့နိုင်ပြီ”** ဟူသည့် သတင်းစာသားတစ်ကြောင်းကို မြင်တွေ့လိုက်ရသည့် တစ်ခဏမှာပင် နိုင်ငံတော်အလံများ ဝှေ့ယမ်း၍ ကြီးကျယ်ခမ်းနားစွာ အောင်ပွဲခံခဲ့ကြသည်။ မြို့တော်တစ်ခွင်လုံး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ အပျော်ကြီး ပျော်ခဲ့ကြသည်။ ပေကျင်း၏ အဓိကလမ်းမကြီးပေါ်ရှိ မော်တော်ယာဉ်များမှ ဟွန်းသံများကလည်း အဆက်မပြတ် ထွက်ပေါ်လာသည်။

၁၉၉၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နွေရာသီအိုလံပစ်ပွဲတော်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရန် ဩစတြေးလျနှင့် အပြိုင်လျှောက်ထားခဲ့ဖူးသည်။ ထိုစဉ်က နှစ်မဲအကွာဖြင့် ကပ်ရှုံးသွားခဲ့ရာ တရုတ်အဆင့်မြင့်ခေါင်းဆောင်ကြီးများနှင့် ပြည်သူများက ထိုရှုံးနိမ့်မှုအပေါ် တရုတ်နိုင်ငံ၏ အမျိုးသားရေးဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟု မှတ်ယူခဲ့ကြသည်။ သို့ဖြင့် ယခု ဒုတိယအကြိမ် ထပ်မံအားထုတ်ကြိုးစားမှုမှာ အောင်မြင်ပေါက်ရောက်ခဲ့၍ တရုတ်တစ်နိုင်ငံလုံး ဂုဏ်ယူဝင့်ကြွားစွာ အပျော်ကြီးပျော်ခဲ့ကြခြင်း ဖြစ်သည်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ အကြိုကျင်းပစဉ်။

တရုတ်အစိုးရကလည်း ၂၀၀၈ ခုနှစ် နွေရာသီအိုလံပစ်ပွဲတော်ကို ပေကျင်း၌ ကျင်းပခွင့်ရသည်နှင့် တရုတ်ပြည်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်ကြောင်း ကမ္ဘာသိ ထင်ဟပ်ပြသနိုင်ရန် ခုနစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာဘီလီယံ ၃၀ အကုန်အကျခံကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၂၀၀၈ ခုနှစ် ပေကျင်းနွေရာသီအိုလံပစ်ပွဲတော်ကိုလည်း မေလ ၁၂ ရက်နေ့က တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသတွင် တရုတ်နိုင်ငံသမိုင်း၌ ဖျက်ဆီးမှုစွမ်းအား အပြင်းထန်ဆုံး ရစ်ချ်တာစကေးအဆင့် (၈) ရှိ သဘာဝဘေးအန္တရာယ် မြေငလျင်ကြီးတစ်ခုနှင့် ကြုံတွေ့ခဲ့သည့်ကြားမှ ဩဂုတ်လ ၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည်။

ပေကျင်း နွေရာသီအိုလံပစ်ပွဲတော်နှင့်အတူ **“ကမ္ဘာတစ်ခု၊ အိပ်မက်တစ်ခု”**ဆိုသည့် ကြွေးကြော်သံကလည်း ကမ္ဘာကြီးတစ်ခုလုံးတွင် ခေတ်စားသွားသကဲ့သို့ **“ပေကျင်းက သင့်ကို ကြိုဆိုပါတယ်”** ဟူသည့် တေးသီချင်းကလည်း ကမ္ဘာတစ်ခွင်ပဲ့တင်ရိုက်ခတ်သွားခဲ့သည်။

ထိုစဉ်က အမေရိကန်သမ္မတဘုရှ်က **“ပေကျင်းအိုလံပစ်ပွဲတော်ဟာ သူကြိုတင်မျှော်မှန်းထားတာထက် ကျော်လွန်သွားခဲ့တယ်။ အလွန်အားမာန်တက်ကြွစေတဲ့ ကိုယ်တွေ့ဖြစ်ရပ်ကို သူဘယ်တော့မှ မေ့မှာမဟုတ်ဘူး”**ဟူ၍ပင် ထုတ်ဖော်ပြောကြားခဲ့သည်။ နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ Jacques Rogge ကလည်း **“ဒါဟာ တကယ့်ပြိုင်ဘက်ကင်း အိုလံပစ်ပွဲတော်တစ်ရပ်ဖြစ်တယ်။ ထွန်းလင်းတောက်ပခဲ့တဲ့ ဒီ ၁၆ ရက်ဟာ ကျွန်တော့်ရဲ့ နှလုံးသားထဲက ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး”**ဟု ဆိုသည်။

> **၁၉၆၉ ခုနှစ်နောက်ပိုင်း ၄၄ နှစ်ကြာမှ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တစ်ကျော့ပြန် လက်ခံကျင်းပနိုင်ခဲ့သည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာလည်း မြန်မာ့နွေဦး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာနိုင်ငံ၏ပုံရိပ်ကို နိုင်ငံတကာတွင် မြှင့်တင်ပေးစေနိုင်ခဲ့သည်။ တစ်ချိန်က ဒေသတွင်းသာမက အာရှအဆင့်အထိ အောင်မြင်မှုရရှိခဲ့ဖူးသည့် မြန်မာတို့၏ ရွှေခေတ်အားကစားသမိုင်းကိုလည်း ပြန်ပြောင်းအမှတ်ရစေသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကလည်း အခြားဒေသတွင်းနိုင်ငံများက လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများထက်ပင် ကြီးကျယ်ခမ်းနားခဲ့သည်ဟု ပြည်တွင်း၊ ပြည်ပ လေ့လာသူများက မှတ်ချက်ပြုလောက်အောင်ပင် အောင်မြင်မှုဂုဏ်သတင်းကြီးမားခဲ့**

### အာရှအဆင့်အထိ အောင်မြင်မှုရရှိ

၁၉၆၉ ခုနှစ်နောက်ပိုင်း ၄၄ နှစ်ကြာမှ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တစ်ကျော့ပြန် လက်ခံကျင်းပနိုင်ခဲ့သည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာလည်း မြန်မာ့နွေဦး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာနိုင်ငံ၏ပုံရိပ်ကို နိုင်ငံတကာတွင် မြှင့်တင်ပေးစေနိုင်ခဲ့သည်။ တစ်ချိန်က ဒေသတွင်းသာမက အာရှအဆင့်အထိ အောင်မြင်မှုရရှိခဲ့ဖူးသည့် မြန်မာတို့၏ ရွှေခေတ်အားကစားသမိုင်းကိုလည်း ပြန်ပြောင်းအမှတ်ရစေသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကလည်း အခြားဒေသတွင်းနိုင်ငံများက လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများထက်ပင် ကြီးကျယ်ခမ်းနားခဲ့သည်ဟု ပြည်တွင်း၊ ပြည်ပ လေ့လာသူများက မှတ်ချက်ပြုလောက်အောင်ပင် အောင်မြင်မှုဂုဏ်သတင်း ကြီးမားခဲ့သည်။

သို့ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ပြန်လည်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက **“အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် မိမိတို့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ခမ်းခမ်းနားနားနှင့် အဓိပ္ပာယ်ရှိရှိကျင်းပရန် ရည်ရွယ်ထားကြောင်း”** အောက်တိုဘာလ ၃၁ ရက်နေ့က ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် **“ယခု ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်ကြရန်လိုကြောင်း”**နှင့် **“ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မိမိတို့အားလုံး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း”** ထည့်သွင်းပြောကြားသွားသည်။

### ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခဲ့

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်နောက်ပိုင်း ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သော အမျိုးသားအားကစားပွဲတော်များသည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲမှသည် အစ၊ အလယ်၊ အဆုံး ခမ်းနားထည်ဝါစွာ စနစ်တကျ ကျင်းပနိုင်ခဲ့၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်အားကစားသမားများသာမက ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသူများ၊ တစ်နိုင်ငံလုံးမှ ကြည့်ရှုအားပေးခဲ့ကြသော အားကစားဝါသနာရှင် ပရိသတ်များအတွက်ပါ အမှတ်တရ မေ့မရနိုင်သည့် ပွဲတော်ဖြစ်ခဲ့သည်။

၂၀၁၇ ခုနှစ်က လူမှုကွန်ရက်စာမျက်နှာထက်တွင် ၁၉၈၄ ခုနှစ် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲပုံရိပ်မှတ်တမ်းဓာတ်ပုံများကို အမှတ်တရပြန်လည်တင်ပြခဲ့ရာ **“ပျော်စရာကောင်းပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားပေါင်းမြောက်မြားစွာ မွေးထုတ်ပေးခဲ့တဲ့ ပွဲတော်ကြီးပါ”၊ “သတိရတယ်၊ ချီတက်အလေးပြုတာရော၊ ပြိုင်ပွဲဝင်ခဲ့တာရော၊ ၁၉၈၄ ခုနှစ်က စီမံ/စီးပွားကနေကိုယ်စားပြု ယှဉ်ပြိုင်ခဲ့တာအမှတ်ရတယ်”၊ “အဲဒီလို ပွဲတွေများများလုပ်ပေးမှ ဘောလုံးလောက တိုးတက်လာမှာ”၊ “တတိယအကြိမ် ပုံရိပ်လေးတွေတင်ပေးပါဦး၊ ချီတက်အလေးပြုပြိုင်ပွဲဝင်ခဲ့တာတွေ၊ ၁၉၈၇ ခုနှစ်က ကရင်ပြည်နယ် ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တာ အမှတ်ရမိသေးတယ်”၊ “တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို သတိရတယ်”၊ “ကိုယ်တွေက စတုတ္ထအကြိမ်မှာ ပါဝင်ခွင့်ရခဲ့တယ်၊ အမှတ်ရစရာလေးပါပဲ”၊ “ဝိုး ... အဲဒီတုန်းက အမျိုးသားအားကစားပွဲတော်ဟာ တကယ်ကြီးကျယ်ခမ်းနားခဲ့တာပဲ”၊ “ဒို့မြန်မာတွေ မညံ့ခဲ့ပါဘူး”၊ “အခုကော မကျင်းပတော့ဘူးလား”၊ “မြန်မာ့အားကစားပွဲတော် ပျောက်ကွယ်နေပြီလား”၊ “အဲဒီလိုပွဲမျိုး ရှိလာဦးမှာလား”၊ “အဲဒီလို ပြန်မြင်ချင်တယ်”၊ “အဲခေတ်ကတောင် ဒီလောက်ခမ်းနားခဲ့ပြီး ဒီဘက်ခေတ်ကျမှ မလုပ်နိုင်တာကို စိတ်မကောင်းဘူး”၊ “ပြန်လည်အသက်သွင်းနိုင်ရင် SEA Game ပြိုင်ပွဲတွေအတွက် နိုင်ငံကိုယ်စားပြု အထောက်အကူတော်တော်ဖြစ်မယ်”၊ “ဆက်လက်စောင့်မျှော်လျက်ပါ အမျိုးသားအားကစားပွဲတော်”** စသည် စသည်ဖြင့် အပြုသဘောဆောင်သည့် မှတ်ချက်ပေါင်းများစွာကိုလည်း တွေ့မြင်ဖတ်ရှုခဲ့ရသည်။

စာမျက်နှာ ၁၁ သို့ ○

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဆပ်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အထူးဖိတ်ကြားထားသော လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲသည် နိုင်ငံတော်အဆင့် ကျင်းပသည့်ပွဲဖြစ်သည့်အတွက် အလေးအနက်ထား ကြိုတင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲ/ပိတ်ပွဲတွင် ပါဝင်ဖျော်ဖြေကြသူများကို လေ့ကျင့်ချိန်နှင့် အခမ်းအနားကျင်းပချိန်များတွင် အချိန်မီပို့ဆောင်ရမည်ဖြစ်ကြောင်း၊ အားကစားသမားများနှင့် ဒိုင်/ ဂျူရီများကို သက်ဆိုင်ရာနေ့အလိုက် ပြိုင်ပွဲကျင်းပရာသို့ အချိန်မီရောက်ရှိနိုင်ရေး ပို့ဆောင်ရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးကိစ္စများတွင် အဆင်ပြေချောမွေ့မှုရှိစေရန်နှင့် လုံခြုံစိတ်ချမှုရှိစေရန် အသေးစိတ်စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူက ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လူငယ်ရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာ ချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အားကစားပွဲတော်တွင် လာရောက်ကြည့်ရှုမည့်ပရိသတ်များ အဆင်ပြေချောမွေ့စေရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားသို့ လာရောက်မည့်သူများ အတတ်နိုင်ဆုံး သက်သောင့်သက်သာဖြင့် ကြည့်ရှုအားပေးနိုင်စေရေးအတွက် နေရာများ စီစဉ်ဆောင်ရွက် ပေးထားကြောင်း၊ ဖိတ်ကြားထားသည့် သက်ဆိုင်ရာ လုပ်ငန်း ကော်မတီဝင်များကလည်း ဝန်ကြီးဌာနများအလိုက် လာရောက် အားပေးနိုင်ရေး ပြင်ဆင်ထားရန် လိုကြောင်း၊ ပရိသတ်နေရာချထားမှု အစီအစဉ်များနှင့်ပတ်သက်ပြီး ကြိုတင်ရှင်းလင်းသည့် အစီအစဉ်ကို ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ခံများနှင့်အတူ လက်ထောက်တာဝန်ခံနှင့် ယာဉ်ကြီးကြပ်သူများ မပျက်မကွက် တက်ရောက်ပေးရန် လိုကြောင်း၊ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား အောင်အောင်မြင်မြင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ပျော်ရွှင်ရွှင် လာရောက် အားပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု လုပ်ငန်းအခြေအနေကို ဖိတ်ကြားရေးနှင့် ကြိုဆို နေရာချထားရေး ဆပ်ကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက် လာကြသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နတ်တလင်းမြို့နယ်၌ နည်းပညာပေး ဆွေးနွေး

**နတ်တလင်း နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) နတ်တလင်းမြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စွာ ထွက်ရှိနိုင်ရန် အကွက်ကျယ် စံပြကွက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက်တွင် နတ်တလင်းမြို့နယ် ရွာသာကုန်း တောင်သူပညာပေးစခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန နတ်တလင်းခရိုင် ဦးစီးမှူး ဦးအောင်မြင့်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နယ် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က မတ်ပဲသီးနှံ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် အထွက်နှုန်းများ တိုးတက်စေရန် ဆောင်ရွက်ရမည့်နည်းပညာများ၊ စိုက်ပျိုးရေးဦးစီးဌာန သာယာဝတီခရိုင် ဦးစီးမှူး ဒေါ်ညိုညိုသိမ်းက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန် လိုက်နာဆောင်ရွက်ရမည့် နည်းပညာများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကေသွယ်ဝင်းက မျိုးကောင်း မျိုးသန့်သုံးစွဲရေးနှင့် တောင်သူများ တစ်ပိုင်တစ်နိုင် မျိုးထိန်းသိမ်းရေး နည်းပညာများနှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးသော်ဆန်းမင်းက မြေဆီလွှာနှင့် သီးနှံအာဟာရဆိုင်ရာ နည်းပညာများကို ဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



○ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်က ယခုကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကလည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ထင်ဟပ်တွင်ကျန်ခဲ့ပါဦးမည်။ ဖွင့်ပွဲအခမ်းအနားကို ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည့်ပုံစံကို မှီငြမ်း၍ ကျင်းပသွားမည်ဟု သိရသည်။ အသံစနစ်၊ မီးအလင်းအမှောင်များနှင့်ပေါင်းစပ်ပြီး ရိုးရာယဉ်ကျေးမှုကို အသွင်ထူးခြားစွာ ဆောင်ရွက်မည့် အစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာပြကွက်များ၊ မီးရှူးမီးပန်း အလှဆင်ပစ်ဖောက်ခြင်းများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မီးရှူးမီးတိုင် လက်ဆင့်ကမ်းသယ်ယူရေးအစီအစဉ်များ၊ သရုပ်ဖော် အကအလှများနှင့် ဖျော်ဖြေရေးအစီအစဉ်များ အပါအဝင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို လူအင်အား ၁၂၀၀ ကျော်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပရန် အချိန်အားဖြင့် တစ်လခန့်မျှသာ ကျန်ရှိတော့သည့်အတွက် ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ပြင်ဆင်ဆောင်ရွက် ပြီးစီးလျက်ရှိကြောင်း သိရသည်။

အလွတ်ခုန် လေထီးစစ်သည်များကလည်း နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်နိုင်ရန် စက်တင်ဘာလ ၄ ရက်နေ့မှစတင်၍ ကြိုတင်လေ့ကျင့်လျက်ရှိရာ နိုဝင်ဘာလ ၂ ရက်နေ့က အကြိမ် (၃၀) မြောက်အဖြစ် လေ့ကျင့်ခဲ့ကြသည်။

ထို့အတူ ဖွင့်ပွဲအခမ်းအနားတွင် **"လှပချစ်စရာ တို့ရွှေမြန်မာ"**သီချင်းဖြင့် လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားတွင် **"ရွှေပြည်တော်သို့ တို့အတူ"** သီချင်းဖြင့်လည်းကောင်း အကအလှများဖြင့် တွဲဖက်ပါဝင်ဖျော်ဖြေတင်ဆက်ရန် အခြေခံပညာကျောင်းများမှ ကျောင်းသူ ၃၀၀ တို့ကလည်း ပွဲမဝင်ခင် ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိသည်။

သို့ဆိုလျှင် မကြာမီကျင်းပတော့မည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးဟူသည့် အားကစားရည်မှန်းချက်များအတွက် သာမက နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် နိုင်ငံသားတို့၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ကမ္ဘာ့အလယ်တွင် ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းများကိုပါ ရယူစွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

သို့ဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ပြန်လည်ကျင်းပတော့မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ **"မင်္ဂလာပါ"**ဟူ၍ နှုတ်ခွန်းဆက်သ ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်၍ ရန်ကုန်မြို့အတွင်း ကြည့်ရှုလေ့လာ



**ရန်ကုန် နိုဝင်ဘာ ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်၍ ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

**ကြိုဆိုနှုတ်ဆက်**

နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ရွှေတိဂုံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော်များအား ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ်ပုံတော်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် (၃၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်း ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ကျောက်စိမ်းပန်းပုနှင့် လည်ဆွဲပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေခြည်ငွေခြည်ထိုးလက်ရာပစ္စည်းများ၊ ယွန်းထည်ပစ္စည်းများ၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ ပန်းချီ၊ ပန်းပုပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြို့တော်ခန်းမ၊ ဝန်ကြီးများရုံး၊ ကန်တော်ကြီးနှင့် ကရဝိက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ Seminar Hall နှင့် မျက်စိခွဲစိတ်ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများက ပုသိမ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ပုသိမ်မြို့မှ ချောင်းသာကမ်းခြေသို့ရောက်ရှိပြီး ချောင်းသာကမ်းခြေ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲနှင့် ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်မီးပုံးပျံများ လွှတ်တင်ခဲ့ကြကာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က AZURA HOTEL ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လေအေးပေးစက် တပ်ဆင်/ ပြုပြင်ခြင်းသင်တန်းနှင့် ဂဟေဆက်သင်တန်းများ ဖွင့်လှစ်



**နေပြည်တော် နိုဝင်ဘာ ၁၃**

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)သို့ရောက်ရှိပြီး လေအေးပေးစက် တပ်ဆင်/ ပြုပြင်ခြင်း သင်တန်း(၃/၂၀၂၄)နှင့် ဂဟေဆက် သင်တန်း (၄/၂၀၂၄) သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန အနေဖြင့် မြန်မာလုပ်သားများ လုပ်ငန်းခွင်စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း ခုနစ်ကျောင်းကို တည်ထောင်ဖွင့်လှစ်ပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း၊ နိုင်ငံအတွက် ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ လူငယ်လူရွယ်များအတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိကြစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်း ဖြစ်သောကြောင့် သင်တန်းသားလူငယ်များအနေဖြင့် သင်ကြားပို့ချသည့် စာတွေ့/လက်တွေ့ အသိပညာ ဗဟုသုတများနှင့် လက်တွေ့ကျွမ်းကျင်မှုများကို စနစ်တကျ မှတ်သားလိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ သို့မှသာ မိမိဘဝအတွက် အာမခံချက်ပေးနိုင်မည့် အလုပ်အကိုင်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ လေအေးပေးစက် သွယ်တန်းတပ်ဆင်ခြင်း၊ ဂဟေဆက်ခြင်း၊ မော်တော်ယာဉ် စက်ပြင်ခြင်း၊ ကြွေပြားကပ်ခြင်း၊ စားသောက်ဆိုင်ဝန်ဆောင်မှု၊ သံချည်သံကွေး၊ ဂဟေဆက်(မွမ်းမံ) သင်တန်း စသည့် သင်တန်းရှစ်မျိုးကို ၂၂ ကြိမ် ဖွင့်လှစ်၍ သင်တန်းသား ၅၀၀ ကျော် ဖွင့်လှစ်ရန်လျာထားပြီး ယနေ့အထိ သင်တန်းရှစ်မျိုးကို သင်တန်း ၁၁ ကြိမ်ဖြင့် သင်တန်းသား ၂၇၀ မွေးထုတ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

# သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့တွင် ကျောင်းအပ်လက်ခံမည့်ရက်နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက် ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် (၂၀၂၄ ခုနှစ်အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်)သင်တန်းများကို နိုဝင်ဘာ ၁၄ ရက်(ကြာသပတေးနေ့)မှစ၍ ကျောင်းအပ်လက်ခံပြီး နိုဝင်ဘာ ၂၁ ရက် (ကြာသပတေးနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Great Motor Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် JMC JMEV EV3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Aung Kan Bo Motorcycle Industrial Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KENBO အမျိုးအစား လျှပ်စစ်သုံး နှစ်ဘီး မော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အမေရိကန်နိုင်ငံ၏ ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ချမှတ်နိုင်မည့်အရေး စိုးရိမ်မှုများ မြင့်တက်

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် ရာထူးတာဝန်များ စတင်ထမ်းဆောင်သည့် အချိန်တွင် အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ချမှတ်နိုင်သည့်အပေါ် အီရန်စီးပွားရေး လုပ်ငန်းရှင်များအကြား စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အီရန်နိုင်ငံမြို့တော် တီဟီရန်၌ လက်ရှိကျင်းပနေသည့် ကုန်စည်ပြပွဲသည် ရုရှားနိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲသို့ အီရန်ကုမ္ပဏီ ၇၀ ခန့်နှင့် ရုရှား ကုမ္ပဏီ ၄၀ ခန့် ပါဝင်ဆင်နွှဲလျက်ရှိသည်။

ထရမ့်သည် ၎င်း၏ပထမသမ္မတသက်တမ်းအတွင်း အီရန်နိုင်ငံအပေါ် တင်းမာသောသဘောထားကို ခံယူထားသောကြောင့် အီရန်ကုမ္ပဏီများ၏ ကိုယ်စားလှယ်များက စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ချမှတ်လာမည်ကို စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

ရုရှားနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းကို ချဲ့ထွင်လိုကြောင်း အီရန်စီးပွားရေးလုပ်ငန်းရှင်များက ထုတ်ဖော်ပြောကြားသည်။

အီရန်ဆေးဘက်ဆိုင်ရာ ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက ၎င်း၏ထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းနှင့်ပတ်သက်ပြီး ပြင်းထန်သောဆုတ်ယုတ်မှုများ ရှိနိုင်ကြောင်း ပြောကြားသည်။

အီရန်နှင့် ရုရှားအစိုးရတို့သည် အဆိုပါပြဿနာများကို ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

ထရမ့်၏ပထမသမ္မတသက်တမ်းအတွင်း အီရန်နှင့် နျူကလီးယားသဘောတူညီချက်မှ တစ်ဖက်သတ်



နုတ်ထွက်ခဲ့ပြီး စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ချမှတ်ခဲ့သည်။

ယင်းကြောင့် အီရန်သည် ရုရှား၊ တရုတ်နိုင်ငံတို့နှင့် စီးပွားရေးဆက်ဆံမှု ပိုမိုအားကောင်းလာခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အာရပ်စော်ဘွားများပြည်ထောင်စု၌ ပထမဆုံးကားပျံလေဆိပ် တည်ဆောက်မည်

**ဒူဘိုင်း နိုဝင်ဘာ ၁၃**

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့၏ ပထမဆုံးကားပျံလေဆိပ်ကို ဒူဘိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် တည်ဆောက်မည်ဟု တာဝန်ရှိသူများက နိုဝင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

၂၀၂၆ ခုနှစ်တွင် ပြီးစီးမည့် အဆိုပါ ကားပျံလေဆိပ် တည်ဆောက်ရေးစီမံကိန်းသည် ဒူဘိုင်းမြို့၏ သယ်ယူပို့ဆောင်ရေးစနစ်ကို လွယ်ကူချောမွေ့စေမည်ဖြစ်ပြီး လူနေထူထပ်သည့် နေရာများကို ရှောင်ရှား၍ နိုင်ငံသားများ အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။

ယင်းကားပျံလေဆိပ်သည် အရှည် စတုရန်းမီတာ ၃၁၀၀ ရှိပြီး တစ်နှစ်လျှင် ကားပျံဆင်းသက်မှု အကြိမ် ၄၂၀၀၀ ဆောင်ရွက်နိုင်ကာ ခရီးသည် ၁၇၀၀၀၀ အား သယ်ယူပို့ဆောင်ပေးမည်ဖြစ်သည်။

ယခု ဆောင်ရွက်မည့်စီမံကိန်းသည် ဒူဘိုင်း၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် တီထွင်ဆန်းသစ်မှု၊ စဉ်ဆက်မပြတ် သယ်ယူပို့ဆောင်နိုင်ခြင်းရှိမှုနှင့် လုံခြုံမှုများရှိကြောင်း ထင်ဟပ်စေမည်ဟု ဒူဘိုင်းအိမ်ရှေ့မင်းသား ရှိတ်ခ်ဟာမာဒန်က ပြောကြားသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအချို့၌လည်း ယာဉ်ကြောပိတ်ဆို့မှု သက်သာစေရန်နှင့် နည်းပညာတီထွင်ဆန်းသစ်မှုအဖြစ် ကားပျံများထုတ်လုပ်ရန်နှင့် ကားပျံလေဆိပ်များ တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။

**ကိုးကား –ဆင်ဟွာ**
**ဘာသာပြန် –စိုးသူရ**






# ဂျာမနီနိုင်ငံ၏ ပါလီမန်ရွေးကောက်ပွဲကို လာမည့်နှစ် ဖေဖော်ဝါရီလအစောပိုင်းတွင် ကျင်းပမည်

**ဘာလင် နိုဝင်ဘာ ၁၃**

ဂျာမနီနိုင်ငံ၌ အာဏာရညွန့်ပေါင်းအဖွဲ့ပြိုကွဲပြီး အမေရိကန်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့်အနိုင်ရပြီးနောက် ဂျာမနီအာဏာရပါတီများနှင့် အတိုက်အခံပါတီများသည် ပါလီမန်ရွေးကောက်ပွဲကို လာမည့်နှစ်ဖေဖော်ဝါရီလ အစောပိုင်းတွင် ကျင်းပရန် သဘောတူညီခဲ့ကြောင်း သိရသည်။

ပါတီခေါင်းဆောင်များသည် နိုဝင်ဘာ ၁၂ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပါလီမန်ရွေးကောက်ပွဲကို ကျင်းပရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ဘတ်ဂျက်မူကြမ်းကြောင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း သုံးပါတီညွန့်ပေါင်းအဖွဲ့ ပြိုလဲသွားပြီးနောက် မတ်လမကုန်မီ ပါလီမန်ရွေးကောက်ပွဲကျင်းပရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ် စခေါ့ဇ်က ကနဦးပြောကြားသည်။

သို့သော် အမေရိကန်ရွေးကောက်ပွဲတွင် ထရမ့်အနိုင်ရရှိမှုနှင့် ဂျာမနီစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်းကြောင့် ပါလီမန်ရွေးကောက်ပွဲကို အမြန်ဆုံးကျင်းပရန် ဥပဒေပြုအမတ်များနှင့် စီးပွားရေးခေါင်းဆောင်များက တောင်းဆိုခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သည့် ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ် စခေါ့ဇ်၏ ညွန့်ပေါင်းအစိုးရသည် စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒများနှင့်ပတ်သက်၍ ပြည်တွင်းပဋိပက္ခများကြားတွင် ထောက်ခံမှုကျဆင်းလာခဲ့သည်။

သဘောထားစစ်တမ်းများတွင် အကြီးဆုံးအတိုက်အခံဖြစ်သည့် ခရစ်ယာန်ဒီမိုကရက်တစ်သမဂ္ဂနှင့် ခရစ်ယာန်လူမှုရေးသမဂ္ဂ၏ ဗဟိုလက်ယာမဟာမိတ်အဖွဲ့တို့က ဦးဆောင်နေကြောင်း သဘောထားစစ်တမ်းများက ဖော်ပြသည်။

ဂျာမနီ၏ ပါလီမန်ရွေးကောက်ပွဲတွင် မဟာမိတ်အဖွဲ့ကို ဗဟိုပြုသော အစိုးရသစ်တစ်ရပ် ထွက်ပေါ်လာမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ၌ ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာ အခွန်ကောက်ခံမည်

**ဗန်ကောက် နိုဝင်ဘာ ၁၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယာဉ်ကြောပိတ်ဆို့မှု ကင်းစင်ရေးအတွက် ယာဉ်ကြောပိတ်ဆို့မှု များပြားသည့်နေရာများတွင် ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာ အခွန်ကိုကောက်ခံရန် စီစဉ်ဆောင်ရွက်နေကြောင်း ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ဗန်ကောက်မြို့တော်၏ ယာဉ်သွားလာမှုဆိုင်ရာတွင် ယာဉ်များပိတ်ဆို့သည့် အခက်အခဲမှ လွတ်ကင်းစေပြီး အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာ အခွန်ကောက်ခံရာတွင် အဓိကကောက်ခံမည့်ဒေသ၊ အခွန်နှုန်းထား၊ ငွေပေးချေမည့်ပုံစံနှင့် အခွန်ကောက်ခံမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝဆိုင်ရာ အကျိုးသက်ရောက်မှုများကို လေ့လာသုံးသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယင်းအခွန်ငွေများကို နိုင်ငံသားများအတွက် မြို့ပတ်ရထားခများ လျှော့ချပေးခြင်း၊ နိုင်ငံသား၏ နေထိုင်မှုကုန်ကျစရိတ် လျှော့ချခြင်းနှင့် လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် သုံးစွဲမည်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းရှိ မြို့တော်များဖြစ်သည့် မီလန်၊ စတော့ဟုမ်း၊ စင်ကာပူနှင့် လန်ဒန်မြို့တို့တွင် ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာ အခွန်ကောက်ခံခြင်းစနစ်ကို အောင်မြင်စွာ ဆောင်ရွက်နေကြောင်း သိရသည်။



အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာ အခွန်ကောက်ခံသည့်စနစ်နှင့် ပတ်သက်သည့် အကြံပြုချက်များကို ၂၀၂၅ နှစ်ကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနက ရည်မှန်းထားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# တရားမဝင် စက်သုံးဆီများ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၆၉၃၀၁)ကိုလည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော လက်ဝတ်ရတနာပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၁၉၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၆၈၈၃၀၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ် ၁၂ စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၁၉၅ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၄၀၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Truck ကိုးစီးနှင့် Dump Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၇၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ ဝမ်တာပင်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကျိုင်းတုံမြို့မှ မိုင်းလားမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၀ မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၆၀၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၆၀၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)ကိုလည်းကောင်း၊ ကလေးမြို့နယ်နှင့် ခန္တီးမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chin Dwin Star Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်လမ်းဆုံအကျော်၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၁၇၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၂၅၁၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောက်ဥက္ကလာပမြို့နယ် ခေမာသီ – အမရာ လမ်းဆုံအနီး၌ လိုင်စင်မဲ့ Toyota Mark II ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၂ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၅ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၉၄၉၉၇၀၁)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် စားသောက်ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး အရည်အသွေးအာမခံချက်မရှိသော ကုန်ပစ္စည်းများ တင်သွင်းခြင်းကြောင့် စားသုံးသူပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများနှင့် အသက်အန္တရာယ်ထိခိုက်နစ်နာဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်း ၁၅၇ ဒသမ ၄၁၄၈ တန် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၅ ဒသမ ၃၀၉၄ တန်၊ သစ်မာ ၈ ဒသမ ၄၄၃၀ တန်၊ အခြားသစ် ၁၁၃ ဒသမ ၆၆၂၄ တန် စုစုပေါင်း ၁၅၇ ဒသမ ၄၁၄၈ တန်၊ ယာဉ်/ ယန္တရား ခြောက်စီး၊ တရားခံ ၁၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၁-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပဒ္မမှာကြာသက်နိုး
- ၀၉:၁၅ NRC အစီအစဉ်(ရှမ်း)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ မြန်မာ့ထုံးတမ်းအစဉ်လာလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာယဉ်ကျေးမှုနှင့်ဝတ်စားဆင်ယင်မှုစကားဝိုင်း
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း–၂၈)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း–၂၄)
- ၁၄:၅၀ မျိုးဗုဇ်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၆:၄၅ ဆီမီးမြိုင်မြိုင်လတန်ဆောင်တိုင်
- ၁၇:၁၀ Soccer View
- ၁၇:၃၀ လှူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ တန်ဆောင်တိုင်တေးများ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကတားကွက်' (အပိုင်း–၂၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၁၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း–၂၅)
- ၂၂:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:13 Maravijaya Buddha Park New Milestone in History (2)
- 07:38 Bo Cho Island, Makyonegalet
- 07:50 Inn Yaung Village's Tazaungdine Night
- 08:01 News
- 08:26 Tazaungmone (Ep-2)
- 08:51 Healthy Diet: Detox Water
- 09:01 Discovering Tribes: Yin Net Tribe - Their Life and Customs
- 09:28 GOOD HEALTH IS A GREAT BOON (Epi-2)
- 09:45 Tha Khut Flowers Salad (Rakhine Style)
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့(အပိုင်း–၁)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဒါကြက်ဥပုတင်းလုပ်စားကြမယ်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားအမျိုးသားတို့၏အဲ့ဒိုပေါ်မီအကာအကြောင်း

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း–၂)

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့်အမိမြန်မာပြည်(အပိုင်း–၆)

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရေးကွက်ဝင်ငရုပ်ပင်စိုက်ပျိုးနည်း

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
လခြမ်းမြို့ရိုးရာအလှ(အပိုင်း–၂)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ကျန်းမာရေးနဲ့ညီညွတ်အောင်ကိုယ်အလေးချိန်လျှော့ချနည်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၃:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၀:၁၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၅၁)

### MRTV FARMERS / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ တောင်သူဘဝမြှင့်တင်ပို့စနစ်ကျလယ်မြေဖော်ထုတ်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
- ၁၈:၂၀ Yoga
- ၁၈:၃၅ Thatched Living A Nostalgic Future
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ လုတေးသားနှင့်ယောကျ်ာမလောင်း(ဇာတ်လမ်း)
- ၂၂:၀၀ New Year Blues(နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ ဝုက်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်းရှိ စမုံ-သပြေတောင်းဘူတာအကြား စမုံတံတား ပြန်လည်မွမ်းမံပြင်ဆင်မည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်ဖွန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် စမုံနှင့် သပြေတောင်းကြား အဆန်ရထားလမ်းတံတားအမှတ် (၆၉၁)၏ကမ်းကပ်ခုံရေတိုက်စားခံရမှုအပေါ် ပေ ၆၀ ဘေလီသံပေါင်ဖြင့် ယာယီအစားထိုးဆောင်ရွက်ခဲ့ပြီး ယခုအခါအသေးစိတ်ပြင်ဆင်မွမ်းမံမှုများပြုလုပ်ရန် လိုအပ်သဖြင့် နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မန္တလေး-သာစည်ရထားလမ်းပိုင်းကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနေ့ရက်များတွင် သာစည်-မန္တလေး ပြေးဆွဲပေးလျက်ရှိသည့် အမှတ် သ-၃၀၁ အဆန်၊ သ-၃၀၂ အစုန် RBE လူစီးရထားနှင့် ရန်ကုန်-မန္တလေး-ရန်ကုန်ပြေးဆွဲလျက်ရှိသည့် အမှတ်(၁)အဆန်၊ အမှတ် (၂) အစုန် စာပို့ရထားများကို ယာယီရပ်နားထားမည်ဖြစ်ပြီး ရန်ကုန်-မန္တလေး-ရန်ကုန် ပြေးဆွဲလျက်ရှိသည့် အမှတ်(၁၁)အဆန်၊ အမှတ် (၁၂) အစုန်လူစီးအမြန်ရထားများကို ရန်ကုန်-သာစည်-ရန်ကုန် ခရီးစဉ်အဖြစ် ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲပေးခြင်းဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွား၍ ရထားလမ်းနှင့် တံတားများ ထိခိုက်ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စမုံနှင့်သပြေတောင်းကြား အဆန်လမ်းတံတား အမှတ် (၆၉၁) (စမုံတံတား) ကို အသေးစိတ်ပြုပြင်မှုများ ပြုလုပ်ပြီး နိုဝင်ဘာ ၂၀ ရက်မှစ၍ ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသောရထားများကို မူလပြေးဆွဲချိန်များအတိုင်း ရန်ကုန်နှင့် မန္တလေးခရီးဆုံး ဘူတာများအထိ ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

"၁၄ ရက်နေ့အတွက် အသွားအပြန် ရထားတွဲလုံးပြတ်ငှားရမ်းထားတဲ့သူတွေလည်းရှိတယ်။ အဲဒီအချိန်ကျရင် ပိတ်ရက်ဆိုတော့ ခရီးသည်တွေကလည်း များတယ်။ ရထားအခုအချိန်တည်းက လူကျပ်ချင်နေပြီ အသွားအလာတွေ အတော်များတယ်။ ပြီးတော့ ၁၇ ရက်နေ့က ဆရာမတွေ B.Ed ဘွဲ့ယူဖို့ မော်လမြိုင်ကနေ ရန်ကုန်ကိုသွားဖို့အတွက် လျှောက်လွှာတွေလာတင်ထားတာ အယောက် ၈၀ လောက်ရှိတယ်"ဟု မော်လမြိုင်ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်ဘူတာကြီးမှ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ထွက်ခွာလာမည့် အဆန်အထူးရထားသည် မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ နိုဝင်ဘာ ၁၇ ရက်တွင် မော်လမြိုင်ဘူတာမှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည့် အစုန်အထူးရထားသည် ရန်ကုန်ဘူတာကြီးသို့ ည ၇ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်းသိရပြီး အဆိုပါ အစုန်အထူးရထားသည် မုတ္တမ၊ ပေါင်၊ ဇင်းကျိုက်၊ ရင်းငြိမ်၊ သထုံ၊ သိမ်ဆိပ်၊ နှင်းပုလဲ၊ တောင်စွန်း၊ မရမ်းကုန်း၊ ကျိုက်ထို၊ ကျိုက္ကသာ၊ မုပ္ပလင်၊ သိမ်ဇရပ်၊ ဝေါ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း မော်လမြိုင်ဘူတာကြီးမှ အသိပေးထုတ်ပြန်ချက်တွင်ပါရှိသည်။

နိုဝင်ဘာ ၁၇ ရက်အတွက် အမှတ် (၈၂) အစုန်ရထားနှင့် အစုန်အထူးရထား အထက်တန်း သုံးရက်ကြိုတင်လက်မှတ်များအား မော်လမြိုင်ဘူတာကြီး ရက်ကြိုလက်မှတ်ရုံတွင် နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီထိ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မော်လမြိုင်မှ ရန်ကုန်သို့ နေ့စဉ်ပြေးဆွဲလျက်ရှိသော အမှတ် (၈၂) အစုန်ရထားအား ပုံမှန်အတိုင်းပြေးဆွဲပေးမည်ဖြစ်ကြောင်းလည်း မော်လမြိုင်ဘူတာကြီးမှအသိပေးထားသည်။

**MT**

## ဥသျှစ်ပင်မြို့၌ လမ်းသွားလမ်းလာ လူငယ်အမျိုးသား ၂၀ ခန့်ကို ပြည်သူ့စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးစုဆောင်းခံရကြောင်း သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့၌ နိုဝင်ဘာ ၁၁ ရက်က လုံခြုံ




ရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများက လမ်းသွားလမ်းလာဆိုင်ကယ်များကို တားဆီးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး လူငယ်အမျိုးသား ၂၀ ခန့်ကို ပြည်သူ့စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးစုဆောင်းခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဥသျှစ်ပင်မြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းရက်နေ့တွင် ဥသျှစ်ပင်မြို့အတွင်း၌ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူ အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ခြင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအရ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်များအလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၁၁၅ | ၃၀၉၀ | ၃၀၄၀ | ၃၁၁၅ | ၃၁၂၅ | ၃၁၄၀ | ၃၀၉၅ | ၄၅၄၀ | ၃၂၅၀ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၀ | ၃၁၄၀ | ၃၁၅၀ | ၃၅၅၅ | ၄၀၅၀ |
| 95 Ron | ၃၂၃၀ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၄၅၉၅ | ၃၄၃၀ | ၃၂၈၀ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၅ | ၂၇၈၅ | ၂၈၀၀ | ၂၇၅၅ | - | ၂၉၃၀ | ၂၇၆၀ | ၂၇၇၅ | ၂၈၁၀ | ၂၇၉၅ | ၂၈၁၀ | ၃၂၁၅ | ၄၀၅၀ |
| HSD (50 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | ၄၈၆၅ | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |
| HSD (10 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | - | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၅ | ၂၉၆၆ |
| 95 Ron | ၃၀၄၉ | ၃၁၄၄ |
| HSD (500 ppm) | ၂၅၄၄ | ၂၆၂၄ |
| HSD (50 ppm) | ၃၁၇၈ | ၃၂၇၁ |
| HSD (10 ppm) | ၃၁၇၈ | ၃၂၇၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## တာချီလိတ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးက မီးခိုးမြူငွေ့ဖြစ်ပေါ်သည့် အဓိကအကြောင်းရင်းများ၊ မီးခိုးမြူငွေ့များတွင်ပါဝင်သော လေထုညစ်ညမ်းစေသည့်အရာများ၊ မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပွားစေနိုင်သောဆိုးကျိုးများနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး လုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးနှင့် ပတ်သက်သည့် မေးခွန်းများကို ပြန်လည်မေးမြန်းကာ ဖြေဆိုနိုင်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လေထုထဲတွင် ပါဝင်သော PM 2.5 အကြောင်း အသိပညာပေးဗီဒီယိုကိုပြသပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား မီးခိုးမြူငွေ့ညစ်ညမ်းမှု အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းတင်အောင် (ကြေးမုံ)**

# ထားဝယ်မြို့၌ (၁၁၂)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ



ထားဝယ် နိုဝင်ဘာ ၁၃

(၁၁၂)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်ခံထားရှိသည့် ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း၌ နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ရဟန်းရှင်လူပြည်သူများ လာရောက်ဘုရားဖူးမြော်လျက်ရှိသည်။

**စည်ကားလျက်ရှိ**

ထားဝယ်မြို့ ဘုရားကြီးဂေါပကအဖွဲ့ကကြီးမှူး၍ ရပ်ကွက်ပေါင်းစုံပါဝင်သော ထားဝယ်ဒေသ၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တန်ဆောင်တိုင်ပွဲတော်နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကာလအတွင်း ဘုရားဖူးလာပြည်သူများ၊ ဈေးဆိုင်ခန်းများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များအား ရွှေတောင်စားစေတီဘုရားကြီးဝင်းအတွင်း ယာယီဂန္ဓကုဋီအဆောင်တော်၌ ကိန်းဝပ်စံပယ်ထားရာ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စေတနာရှင်၊ အလှူရှင်များက ဘုရားကြီးဂေါပကအလှူခံမဏ္ဍပ်သို့ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

အဆိုပါ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၃ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၁၂ နှစ်တိုင်တိုင် ကျင်းပလာခြင်းဖြစ်ပြီး တန်ဆောင်မုန်းလဆန်း ၁၄ ရက် နံနက် ၇ နာရီမှစတင်၍ ထားဝယ်မြို့အတွင်းသို့ ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# MSMEs ဒေသထွက်ကုန်ပြပွဲ၊ ဈေးရောင်းပွဲတော်နှင့် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် MSMEs ဒေသထွက်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပွဲတော်လာပြည်သူများ၊ ဈေးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဒုတိယညတွင် တေးဂီတဖျော်ဖြေပွဲများ၊ အေးသာယာစက်မှုဇုန်ကိုယ်စားပြု လင်းယုန်မီးပုံးပျံ၊ ရှမ်းယူနိုက်တက်ဘောလုံးမီးပုံးပျံ၊ စတိုးဆိုင်၊ တည်းခိုခန်း၊ စားသောက်ဆိုင် လုပ်ငန်းရှင်များ တိမ်ဖြူအုပ်စုစိန်နားပန်မီးပုံးပျံများ၊ သယံဇာတရေးရာဝန်ကြီးဌာနကိုယ်စားပြု ဆောင်းခမီးပုံးပျံ၊ မြို့ပေါ် ၂၂ ရပ်ကွက်ကိုယ်စားပြု မွေတော်မီးပုံးပျံ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းကိုယ်စားပြု ထစ်ချုန်းညမီးကြီးယမ်းမီးပုံးပျံများ စည်ကားသိုက်မြိုက်စွာ ယှဉ်ပြိုင်လွှတ်တင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုအားပေးကြပြီး မီးပုံးပျံအကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့များ၊ မီးပုံးပျံလာရောက်လွှတ်တင်ယှဉ်ပြိုင်ကြမည့်အဖွဲ့များ၊ ပွဲတော်လာရောက်ကြည့်ရှုသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ရောင်စုံခတ်ပုံပြခန်းကို ကြည့်ရှုအားပေးခဲ့သည်။

**သွားရောက်ကြည့်ရှုအားပေး**

အလားတူ ယနေ့မွန်းလွဲ ၁ နာရီက ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အဝေရာမီးပုံးပျံကွင်း၌ တောင်ကြီးမြို့ပေါ်ရှိ ဒေသခံပြည်သူများက နေ့လွှတ်အရုပ်မီးပုံးပျံ ချိုးရုပ်၊ ကြက်တူရွေးရုပ်၊ ကြက်ရုပ်၊ ခိုရုပ်များ ပါဝင်ယှဉ်ပြိုင်လွှတ်တင်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**



# ပြည်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

ပြည် နိုဝင်ဘာ ၁၃

ပြည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၌ ယမန်နေ့က မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်စိုးက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်များအကြောင်းကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပူတာအိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်ကွင်းဆင်းဆောင်ရွက်

ပူတာအို နိုဝင်ဘာ ၁၃

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသားလူငယ်များ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားရရှိလာစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အခြေခံပညာကျောင်းများသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်သည်။



ဦးစွာ ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုးနိုင်က အမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ ခရိုင်ပြည်သူ့စာကြည့်တိုက်၏ ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများနှင့် စာဖတ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုအသိပညာပေးဟောပြောသည်။

**ခင်းကျင်းပြသ**

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိနှင့် ဝန်ထမ်းများက အမျိုးသားနေ့အကြောင်း သိကောင်းစရာများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသထားရှိရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားလေ့လာပြီး ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား သုတရသစာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ ဂျာနယ်စာစောင်များကို အခမဲ့ဌားရမ်းဖတ်ရှုစေခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

> ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
>
> ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄ ခုနှစ် ထူးချွန်အားကစားသမားများရွေးချယ်ရေးနှင့် သက်ကြီးအားကစားကလောင်ရှင်များအား ပူဇော်ကန်တော့နိုင်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်မှ ၂၀၂၄ခုနှစ်ထူးချွန်အားကစားသမားများ ရွေးချယ်ရေးနှင့် သက်ကြီးအားကစားကလောင်ရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်ရုံး၌ ပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံ အားကစားမီဒီယာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်း (စာရေးဆရာလေးကိုကို)က သက်ကြီးအားကစားကလောင်ရှင်များအား ပူဇော်ကန်တော့နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)၊ ဦးဝဏ္ဏ(မာဂျေ)နှင့် အမှုဆောင်များက၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆုရွေးချယ်ရန်၊ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ဆောင်းပါး၊ကဗျာ၊ ဝတ္ထု၊ ခတ်ပုံပြိုင်ပွဲကျင်းပမည့် အကြောင်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုထက်**

# တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့ဝယ်

ပြေအေးသက်

တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလ အခါတော်နေ့ဟူ၍လည်း ခေါ်ဆိုကြသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရားရှင်က အဇာတသတ်မင်းကို သာမညဖလ သုတ်တော်ဟူသော ရဟန်းပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများကို ဟောကြားခဲ့ရာမှ သာမညဖလ အခါတော်နေ့ဟူ၍ ဖြစ်ပေါ်ခဲ့ပါသည်။ အဖသတ်သော အဇာတသတ်မင်းအနေဖြင့် ဤခါဤနေ့တွင် စိတ်ကြည်လင်ခြင်းအလို့ငှာ တရားတော်နာကြားလိုစိတ် ဖြစ်ပေါ်ခဲ့သည်။ ဤတွင် မင်းအပါးခစားမှူးမတ်များက သာသနာမှတစ်ပါးသော အယူဝါဒရှိသူ ထိုစဉ်က ကျော်ကြားသော တိတ္ထိဆရာကြီး ခြောက်ပါးထံတွင် ချဉ်းကပ်ရန် တိုက်တွန်းသော်လည်း အဇာတသတ်မင်းမှာ ခပ်ဆိတ်ဆိတ်သာနေသည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့ဆီကို အဇာတသတ်မင်းသွားရောက်ချဉ်းကပ်၍ မေးမြန်းပြီးသားဖြစ်ချေသည်။ လိုချင်သော၊ လိုအပ်သော အဖြေကိုမရရှိခဲ့သောအဖြစ်ကို မှူးမတ်တို့က သိရှိထားခြင်းမရှိပေ။

### ဇီဝကသို့ အမေး

ဤတွင် လက်ခံမှုမရှိသော အဇာတသတ်မင်းက ဇီဝကကို အမေးရှိလာသောအခါ ဇီဝကအနေဖြင့် "မြတ်စွာဘုရားကို ဆည်းကပ်တော်မူပါ။ မြတ်စွာဘုရားကိုဆည်းကပ်လျှင် မင်းမြတ်၏စိတ်ကြည်လင်တန်ရာပါ၏" ဟု လျှောက်ထားတော်မူသည်။ ထိုအခါ ဇီဝကအား ဆင်တို့ကို ပြင်ဆင်စေပြီး မြတ်စွာဘုရား သီတင်းသုံးသည့် ဇီဝက၏ သရက်ဥယျာဉ်သို့ သွားလေသည်။ ဥယျာဉ်အနီးသို့အရောက်တွင် အဇာတသတ်မင်းမှာ ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညင်းထကာ ဇီဝကကို "ငါ့ကို မဖြားယောင်းနှင့်။ ငါ့ကို ရန်သူတို့ထံ အပ်နှင်းမလို့ မဟုတ်လား"ဟုမေးသည်။ မေးရသည့်အကြောင်းမှာ အပါး၁၂၅၀ မျှသောမြောက်မြားသည့်ရဟန်းသံဃာတို့ စုဝေးနေသည့်နေရာတွင် ချေဆတ်သံ၊ ချောင်းဟန့်သံ၊ စကားပြောသံများ မကြားရသောကြောင့် ဖြစ်သည်။ ဇီဝကက ပြန်လည်လျှောက်ထားသည်မှာ "မင်းကြီးရှေ့သို့ ကြွတော်မူပါ။ တန်ဆောင်ဝင်း၌ ဆီမီးတို့တောက်ပလျက်ရှိနေသည်"ဟု လျှောက်ထားသည်။ အဇာတသတ်မင်းလည်း မြတ်စွာဘုရားအား ရှိခိုး၍ လျှောက်ထားခွင့်တောင်းလေသည်။

### ဂေါတမမြတ်စွာဘုရားအား လျှောက်ထားခြင်း

ထိုအချိန်တွင် ဇီဝက၏ သရက်ဥယျာဉ်၌ စံပယ်နေတော်မူသော မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ရန် ဇီဝက၏ အကြံပြုချက်အရ အဇာတသတ်မင်း လာရောက်ဖူးမြော်ခြင်းကို ခံယူတော်မူပြီး အဇာတသတ်မင်းက တောထွက်ရဟန်းပြုခြင်း၏ အကျိုးထူးများ **(သာမညဖလ= ရဟန်းပြုခြင်း အကျိုးကျေးဇူး)**ကို မေးမြန်းလျှောက်ထားခဲ့သည်။ မြတ်စွာဘုရားရှင်ကလည်း ဤပြဿနာနှင့် ပတ်သက်၍ မိမိမှအပ အခြားတစ်ပါးသော အဘိဓမ္မာ ဆရာကြီးတို့အား မေးမြန်းစုံစမ်း၍ ပြီး၊ မပြီးကို အဇာတသတ်အား မေးမြန်းတော်မူခဲ့သည်။ ထိုအခါ အဇာတသတ်မင်းက ဤပြဿနာအား သမဏဗြာဟ္မဏဆရာကြီးများဖြစ်ကြသော ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသမ္ဗလ၊ ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တနှင့် သဉ္စယဗေလဋ္ဌပုတ္တတို့အား မေးမြန်းပြီးဖြစ်ကြောင်း လျှောက်ထားသည်။

### မျက်မှောက်ဘဝ၌ ရအပ်သော ရဟန်းဖြစ်ရသည့် အကျိုးများ

မြတ်စွာဘုရားက ရဟန်းဖြစ်ရခြင်း၏ မျက်မှောက်အကျိုးများဟောကြားရာ ရဟန်းဖြစ်ခြင်း **ပဌမလက်ငင်းအကျိုး**အနေဖြင့် ယခင်က မိမိကျွန်ဖြစ်စေဦးတော့ ယခုအချိန်တွင် သင်၏ကျွန်ယောကျ်ားသည် ဆံပင်၊ မုတ်ဆိတ်တို့ကို ပယ်ရှားပြီး ဖန်ရည်ဆိုးသော ဝတ်သင်္ကန်းကို ဝတ်ဆင်ကာ လူ့ဘောင်ကို ဖယ်ခွာ၍ ရဟန်းအဖြစ်ပြောင်းလျက် ရဟန်း၏ အခြေခံစည်းမျဉ်းဖြစ်သော ကိုယ်နှုတ်စိတ်တို့အား စောင့်ထိန်းသည်။ ရသလောက်သော အစာရေစာ၊ အဝတ်တို့ဖြင့် ခြိုးခြံချွေတာကာ ရောင့်ရဲလျက် တိတ်ဆိတ်ငြိမ်သက်သောနေရာ၌ တရားဓမ္မဖြင့် ပျော်ရွှင်စွာနေလျှင် သူ့ကိုပြန်ပြီး တာဝန်ထမ်းဆောင်စေမလားဟူသော မြတ်စွာဘုရား၏ အမေးကို အဇာတသတ်အနေဖြင့် "ထိုသူကို မခေါ်တော့ပါ။ ထိုသူကိုရှိခိုးမည်။ နန်းတော်ကိုကြွလာပါက ခရီးဦးကြိုပြု၍ ထိုင်ရန်နေရာပြင်ပေးမည်။ သင်္ကန်း၊ ဆွမ်း၊ ကျောင်းနှင့် မနာမကျန်းဖြစ်ပါက ဆေးအသုံးအဆောင်များ အလိုရှိကလည်း ကျွန်ုပ်တို့အား အလှူခံပါရန်ဖိတ်ရမည့်အပြင် တရားဥပဒေနှင့် ကာကွယ်စောင့်ရှောက်ပြီး လုံခြုံရေးကိုလည်း စီမံပေးမည်"ဟု လျှောက်ထားခဲ့သည်။ ထိုအခါ မြတ်စွာဘုရားက ဤသည်မှာ ရဟန်းဖြစ်ခြင်း၏ ကိုယ်တိုင်မျက်မှောက်ဘဝ၌ သိမြင်နိုင်သော ရဟန်းအကျိုးဟု ဟောသည်။

**ဒုတိယလက်ငင်းအကျိုး**အနေဖြင့် "ဤတိုင်းပြည်၏အခွန်ကို အမြဲပေးဆောင်နေရသော တိုင်းပြည်ဘဏ္ဍာနှင့် မိမိ၏စီးပွားဥစ္စာတို့ကို တိုးတက်များပြားစေတတ်သော အိမ်ပိုင်ရာပိုင်ရှိသည့် လယ်သမားယောကျ်ားသည် ရဟန်းအဖြစ်ကို ရောက်ရှိပြီးပါက ထိုသူအား ပြန်ခေါ်၍ အခွန်အခကောက်ခံမည်လော" ဟု မြတ်စွာဘုရားက မေးမြန်းတော်မူရာ အဇာတသတ်မင်းက ပဌမမေးခွန်းပါအတိုင်း "စောင့်ရှောက်ကြည်ညိုသွားမည်ဖြစ်ကြောင်း" လျှောက်ထားရာ မြတ်စွာဘုရားက သင့်အား နှစ်ကြိမ်မြောက်ဟောပြသည့် မျက်မှောက်ဘဝ၌ သိနိုင်မြင်နိုင်သော ရဟန်းဖြစ်ခြင်းအကျိုးဟု မိန့်ခဲ့သည်။

**တတိယလက်ငင်းအကျိုး**အနေဖြင့် "ကိလေသာမြူဆိုင်း၍ တရားထူးမရနိုင်သော လူ့ဘောင်ကိုစွန့်၍ ရဟန်းဘောင်သို့ဝင်ကာ ပါတိမောက္ခသံဝရမည်သည့် ဖြူစင်သန့်ရှင်းသော ရဟန်းတို့၏ အကျင့်သီလကိုစောင့်ထိန်းကာ ကောင်းသောအကျင့်၊ ကောင်းသောနေရာတို့ကိုလည်း ပိုင်ဆိုင်ပြည့်စုံတော်မူသည်။ အနည်းငယ်မျှသော အပြစ်တို့ကိုလည်း ဘေးအန္တရာယ်အဖြစ်ရှုမြင်ပြီး ရှောင်ကြဉ်ကာ သိက္ခာပုဒ်သီလတို့အား ဆောက်တည်ကျင့်ကြံကြသည်။ ကောင်းသောအလုပ်၊ ကောင်းသောအပြောနှင့် ပြည့်စုံကြသဖြင့် ကောင်းမွန်စင်ကြယ်သော အသက်မွေးမှုကိုလည်း ကျင့်ကြံပြီးသားဖြစ်သည်။ ကောင်းမွန်သောသီလနှင့် ပြည့်စုံသည်။ စေ့ထားသောတံခါးကဲ့သို့ ကိုယ်နှုတ်စိတ်တို့ကို အမြဲဆင်ခြင်၍ ထိန်းသိမ်းသည်။ အစားအသောက် စားသောက်ရာ၌လည်း အတိုင်းအတာနှင့် စားသောက်သည်။ ရသမျှအစား၊ အဝတ်နှင့်သာ ရောင့်ရဲတင်းတိမ်သည်။ တရားကို အမြဲအောက်မေ့ကာ သတိတရားထား၍ အမြဲဆင်ခြင်လေ၏"ဟု မိန့်ခဲ့သည်။

### သီလကဏ္ဍ

ထို့နောက်မြတ်စွာဘုရားရှင်သည် အဇာတသတ်မင်းအား ၁၀၄ ခွန်းသော ဂါထာတော်များဖြင့် တန်ဆာဆင်အပ်သော တရားတော်များအား ဆက်လက်ဟောကြားခဲ့ရာ သီလကဏ္ဍတွင် အခြေခံအဆင့်(စူဠသီလ)၊ အလယ်တန်းအဆင့်(မဇ္ဈိမသီလ)၊ အထက်တန်းအဆင့်(မဟာသီလ)တို့ ရှိကြောင်း၊ ဤလောက၌ ရဟန်းတို့သည် အသက်သတ်ခြင်းကို ပယ်ခွာရှောင်ကြဉ်၍ တုတ်၊ ဓား၊ လက်နက်တို့ကို ကိုင်ဆောင်ရန် ရှက်ကြောက်ရွံ့ပြီး သနားသောကြောင့် မကိုင်ဆောင်ဘဲ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားအား အလိုရှိခြင်းသည်လည်း ရဟန်းတို့၏ အခြေခံသီလဖြစ်သည်။ ပေးလှူသောပစ္စည်းကိုသာအလိုရှိခြင်း၊ မေထုန်အကျင့်ရှောင်ခြင်း၊ မှားသော/ ကုန်းတိုက်သော/ ကြမ်းတမ်းသော/ အကျိုးမရှိသော စကားများရှောင်ခြင်း၊ မျိုးစေ့အပင်ချိုးယူဖျက်ဆီးခြင်းကို ရှောင်ခြင်း၊ ကခြင်း/သီဆိုတီးမှုတ်ခြင်း/ပွဲကြည့်ခြင်း/ပန်းပန်ခြင်း/ နံ့သာခြယ်လိမ်းခြင်း၊ လယ်ယာတိရစ္ဆာန်အလှူခံခြင်းနှင့် ဖမ်းဆီးလုယက်ခားပြတိုက်ခြင်းတို့မှ ရှောင်ကြဉ်ရန်တို့ပါဝင်ပေသည်ဟု ဟောသည်။

အလယ်တန်းအဆင့်သီလတွင် မျိုးစေ့အပေါင်း၊ အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သိုမှီးသုံးဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပွဲကြည့်ခြင်းမှရှောင်ကြဉ်ခြင်း၊ လောင်းကစားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မြင့်သောနေရာ မြတ်သောနေရာမှရှောင်ကြဉ်ခြင်း၊ လိမ်းခြယ်ခြင်း ဆင်ယင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဖီလာစကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ အငြင်းစကားကိုပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ တမန်အမှုအစေအပါးအမှု ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လာဘ်အလို့ငှာ အံ့ဖွယ်ဖြစ်စေခြင်း မြှောက်ပင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ပါဝင်ကြသည်ဟု ဟောသည်။

အထက်တန်းအဆင့်သီလတွင် အင်္ဂကျမ်း၊ နိမိတ်ကျမ်း၊ အင်္ဂဝိဇ္ဇာကျမ်း စသည့်အတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကျောက်မျက်လက္ခဏာစသောအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း၊ စစ်ထွက်လတ္တံ့ စသောအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း၊ လကြတ်နေကြတ်လတ္တံ့ စသောအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သတို့သမီးဆောင်ယူ ထိမ်းမြားပေးခြင်း စသောအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း၊ နတ်ကိုးနတ်ပူဇော်ခြင်းစသော ဖီလာအတတ်ဖြင့်အသက်မွေးခြင်းမှရှောင်ကြဉ်ခြင်းတို့ ပါဝင်ကြသည်ဟု ဟောသည်။

### သမာဓိကဏ္ဍ

မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသနည်း၊ စောင့်စည်းသနည်း ဆိုသော် ရူပါရုံကိုမြင်လျှင် မိန်းမ၊ ယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိချေ။ စက္ခုန္ဒြေကို မစောင့်စည်းလျှင် မက်မောခြင်း "အဘိဇ္ဈာ"၊ နှလုံးမသာယာခြင်း "ဒေါမနဿ" ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် မစောင့်စည်းသူတို့ကို နှိပ်စက်ကုန်သည်။ စက္ခုန္ဒြေကို စောင့်စည်းသကဲ့သို့ နားဖြင့် အသံ "သဒ္ဒါရုံ"ကိုလည်းကောင်း၊ နှာခေါင်းဖြင့် အနံ့ "ဂန္ဓာရုံ"ကိုလည်းကောင်း၊ လျှာဖြင့် အရသာ "ရသာရုံ"ကို လည်းကောင်း၊ ကိုယ်ဖြင့် အတွေ့ "ဖောဋ္ဌဗ္ဗာရုံ"ကို လည်းကောင်း၊ စိတ်ဖြင့် သဘော "ဓမ္မာရုံ"ကိုလည်းကောင်း ဣန္ဒြေတို့ကို စောင့်စည်းအပ်ရာသည်ဟု ဟောသည်။

### ပညာကဏ္ဍ

ရဟန်းသည်ကာမဂုဏ်၊ အကုသိုလ်တရား၊ ကြံစည်ခြင်း "ဝိတက်"တို့နှင့်တကွ သုံးသပ်ဆင်ခြင်ခြင်း ဝိစာရနှင့် နီဝရဏတရားငါးပါးတို့ မရှိသောကြောင့် နှစ်သိမ့်ခြင်း "ပီတိ"၊ ချမ်းသာခြင်း "သုခ"ရှိသော ပဌမဈာန်သို့ ရောက်သည်။ ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်တည်ကြည်ခြင်း "သမာဓိ"ကြောင့် ဖြစ်သောပီတိသုခရှိသော ဒုတိယဈာန်သို့ ရောက်သည်။ ရဟန်းသည် နှစ်သိမ့်ခြင်း "ပီတိ"ကို မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ လျစ်လျူရှုလျက်နေသည်။ တတိယဈာန်ကြောင့် လျစ်လျူရှုသူ၊ သတိရှိသူသည် ချမ်းသာစွာ ရှိသည်။ လျစ်လျူရှုမှု "ဥပေက္ခာ"ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်နေသည်ဟု ဟောသည်။


### စိတ်ကဏ္ဍ

မင်းကြီး တည်ကြည်သောစိတ်သည် စင်ကြယ်ဖြူစင်ပြီး ညစ်ကြေးညစ်ညူးခြင်းကင်းကာ နူးညံ့သင့်လျော် တည်တံ့မတုန်မလှုပ်ခြင်းသို့ရောက်သော် ထိုရဟန်းသည် ဝိပဿနာဉာဏ်အမြင်သို့ ရောက်ပြီဖြစ်သည်။ ထိုရဟန်းသည် စိတ်ဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းပြီး မနောမယိဒ္ဓိဉာဏ်သို့ ရောက်သည်။ ထို့နောက်များပြားသော တန်ခိုးဖန်ဆင်းခြင်း ဣဒ္ဓိဝိဓဉာဏ်သို့ ရောက်သည်။ ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သောလူတို့နားထက် သာလွန်သော နတ်တို့နားနှင့်တူသည့် ဒိဗ္ဗသောတဉာဏ်သို့ ရောက်သည်။ တစ်ပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြားသိသော စေတောပရိယဉာဏ်လည်း ရောက်သည်။ ရှေးဘဝကကိုမြင်နိုင်သော ပုဗ္ဗေနိဝါသာနုဉာဏ် သို့လည်း ရောက်သည်။ စုတိ "သေခြင်း"နှင့် ဥပပါတ "ပဋိသန္ဓေ"ဖြစ်ခြင်းကို သိသော စုတူပပါတဉာဏ်သို့လည်း ရောက်သည်။ အာသဝတို့ကိုကုန်စေသော အာသဝက္ခဉာဏ်သို့ ရောက်သည်။ ဆင်းရဲတို့ချုပ်ရာ နိဗ္ဗာန်ကို ရောက်ကြောင်း အကျင့်မှန်ဖြစ်ပြီး ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ တို့မှလည်း လွတ်မြောက်ကာ ပဋိသန္ဓေနေမှုကုန်၍ မဂ်ကိစ္စပြုပြီးဖြစ်ကြောင်း အဇာတသတ်မင်းအား ဟောကြားခဲ့သည်တို့ကို နိဗ္ဗာန်အကျိုးမျှော်၍ တန်ဆောင်မုန်းလပြည့် အခါသမယတွင် ပူဇော်ရေးသား လိုက်ရပါသည်။

**ကိုးကား-**

၁။ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် တတိယတွဲ

၂။ ဒေါ်အုန်းမဟာဝိဇ္ဇာ၏ ပါဠိစာပေသမိုင်း



**"ဇီဝက၏ သရက်ဥယျာဉ်၌ စံပယ်နေတော်မူသော မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ရန် ဇီဝက၏ အကြံပြုချက်အရ အဇာတသတ်မင်း လာရောက်ဖူးမြော်ခြင်းကို ခံယူတော်မူပြီး အဇာတသတ်မင်းက တောထွက်ရဟန်းပြုခြင်း၏ အကျိုးထူးများ(သာမညဖလ= ရဟန်းပြုခြင်း အကျိုးကျေးဇူး)ကို မေးမြန်းလျှောက်ထားခဲ့သည်။ မြတ်စွာဘုရားရှင်ကလည်း ဤပြဿနာနှင့် ပတ်သက်၍ မိမိမှအပ အခြားတစ်ပါးသော အဘိဓမ္မာဆရာကြီးတို့အား မေးမြန်းစုံစမ်း၍ ပြီး၊ မပြီးကို အဇာတသတ်အားမေးမြန်းတော်မူခဲ့သည်။ ထိုအခါ အဇာတသတ်မင်းက ဤပြဿနာအား သမဏဗြာဟ္မဏဆရာကြီးများဖြစ်ကြသော ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေ သမ္ဗလ၊ ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တနှင့် သဉ္စယဗေလဋ္ဌပုတ္တတို့အား မေးမြန်းပြီးဖြစ်ကြောင်း လျှောက်ထား"**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ တက်ရောက်

**ပုသိမ် နိုဝင်ဘာ ၁၃**

ပညာရေး ဝန်ကြီးဌာနနှင့် ဥပဒေရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က Grade-11၊ Grade-12 တက်ရောက်နေသည့်ကျောင်းသား ကျောင်းသူများအား ဥပဒေပညာ သင်ကြားပေးရေးနှင့် အခြေခံပညာကျောင်းများတွင် တစ်ပတ်လျှင် တစ်ချိန်နှုန်းဖြင့် စာသင်နှစ်တစ်နှစ်တွင် ၂၄ ချိန် ပို့ချနိုင်ရန် အတွက် ပုသိမ်ခရိုင်မှ အထက်တန်းအဆင့်သင် ဆရာ ဆရာမ ၁၅၀ တို့အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေများကို သိရှိနားလည်စေရန် တိုင်းဒေသကြီး၊ ခရိုင်ဥပဒေအရာရှိ ၁၅ ဦးတို့က ပို့ချဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသော ဆရာ ဆရာမများက လည်း ဥပဒေအသိပညာဗဟုသုတများ ပို့ချဆွေးနွေးမှုများကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူပြီး မိမိတို့တာဝန်ထမ်းဆောင်ရာဒေသ၊ ကျောင်းအသီးသီးတွင် ဥပဒေပညာရပ်များကို ဆင့်ပွားသင်ကြားပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**သင်တန်းပို့ချဆွေးနွေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း သင်ယူပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းကာ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) ကို နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက်အထိ ၁၀ ရက်ကြာ သင်တန်းပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြဝတီမြို့၌ မီးခိုးမြူငွေ့လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**မြဝတီ နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ(ရေပူ)၌ မီးခိုးမြူငွေ့လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဦးစွာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးတင့်က မီးခိုးမြူငွေ့များ ဖြစ်ပေါ်လာရခြင်းအကြောင်းရင်း၊ မီးခိုးမြူငွေ့ကြောင့် လူနှင့်သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည့်ဆိုးကျိုးများ၊ စက်ရုံ/အလုပ်ရုံ၊ ယာဉ်များမှထွက်ရှိသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းပြီး လူသားတို့၏ကျန်းမာရေးကို များစွာထိခိုက်နိုင်သဖြင့် သတိပြုရမည့်အချက်များကို ဟောပြောသည်။ ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းထက်အောင်က ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူပိုင်းမုန်တိုင်းများ၊ ရေကြီး/ရေလျှံမှုများ ဖြစ်ပေါ်လာရသည့်အကြောင်းရင်းများနှင့် ရာသီဥတုပြောင်းလဲလာမှုကြောင့် သစ်တော၊ သစ်ပင်များ၏ ဂေဟစနစ်ပျက်စီးပြုန်းတီးမှုမဖြစ်ပေါ်စေရန် ကာကွယ်ထိန်းသိမ်းရမည့်အချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ဇင်ဟိန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းအနေဖြင့် တစ်ဦးချင်းစီမှစ၍ သတိပြုကြစေလိုကြောင်း၊ မီးသတ်ဆေးဘူးသုံးစွဲရာတွင် သတိပြုလိုက်နာရမည့်အချက်များနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံတို့ကို လက်တွေ့ပြသသည်။

ထို့နောက် ဟောပြောပေးသည့် အကြောင်းအရာအလိုက် ပြန်လည်မေးမြန်းခဲ့ကြရာ အဖြေမှန်သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး မြဝတီမြို့နယ်ပညာရေးမှူး ဦးမိုးကျော်က ရှင်းလင်းဆွေးနွေးပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



# အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အင်းတိုင်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**လှည်းကူး နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အင်းတိုင်၌ ကျင်းပသည်။




ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်တင်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး အထက(ခွဲ)အင်းတိုင်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးတာရာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အထက(ခွဲ) အင်းတိုင်မှ အထက်တန်းပြဆရာမ ဒေါ်သီတာထွန်းတို့က ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်၍ အထက(ခွဲ) အင်းတိုင်မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် ပညာရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရန်အောင်မြင်၌ ကျင်းပသည်။

ဦးစွာ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ဦးဆောင်ကာ ကျောင်းသား ကျောင်းသူများက “လူငယ်နှင့်စာဖတ်ခြင်း”၊ “လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်”၊ “လူငယ်နှင့်ယဉ်ကျေးမှု”၊ “လူငယ်နှင့်ပညာရေး” စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**



# လှိုင်မြစ်ကူး ရွှေပြည်သာတံတား ရေလမ်းပြောင်းလဲမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

လှိုင်မြစ်ကူး ရွှေပြည်သာတံတားရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားသော်လည်း ယခုအခါ တံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂) နှင့်(၃)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်း၏ ကင်းလွတ်အကျယ်သည် ၃၄၅ ပေနှင့် ကင်းလွတ်အမြင့်သည် အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်ရေလမ်းတွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားမည်ဖြစ်ပြီး ညအခါ မီးစိမ်းထွန်း ပြသထားမည်ဖြစ်သည်။ ထို့အတူ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည် ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံများသည် ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်၊ တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့ကျန်းမာရေးမြင်ကွင်းကျယ် (လူနာဘေးကင်းလုံခြုံမှု)

ဒေါက်တာဇေယျာဝင်း

ကျန်းမာစွာ သက်တမ်းစေ့နေထိုင်နိုင်ခြင်းသည် လူတိုင်းအတွက် ပဓာနကျသော လိုအပ်ချက်ဖြစ်ပါသည်။ အခြေအနေအမျိုးမျိုးကြောင့် ရောဂါများဖြစ်ပွားလာပါကလည်း လိုအပ်သည့် ရောဂါရှာဖွေမှုများနှင့် ကုသမှုများကို စနစ်တကျခံယူရရှိခြင်းအားဖြင့် ပျောက်ကင်းသက်သာရာရခြင်း၊ ပိုမိုဆိုးရွားသည့်အခြေအနေသို့ မရောက်အောင် ကာကွယ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ထိုသို့သော အကျိုးကျေးဇူးများ ရရှိနိုင်ရန်အတွက် အရေးကြီးသည်မှာ လူနာဘေးကင်းလုံခြုံမှု (Patient safety)ပင်ဖြစ်ပါသည်။

**“ဘေးကင်းလုံခြုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လူနာများနှင့် လူနာရှင်မိသားစုများ၏အပေါ်တွင်လည်း မူတည်နေပါသည်။ လူနာများနှင့် မိသားစုများသည် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်တိုင်းတွင် ပါဝင်သင့်ပါသည်။ လူနာနှင့် လူနာရှင်မိသားစုအပေါ် ထိတွေ့ဆက်ဆံမှုသည် ပိုမိုဘေးကင်းသော ကျန်းမာရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကကျသည့် မဟာဗျူဟာဖြစ်သည်။ “လူနာအတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်” ဆိုသည်ထက် “လူနာနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးစနစ်” ဆီသို့ ပြောင်းလဲဆောင်ရွက်ရမည့် ခေတ်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်”**

**“အန္တရာယ်မဖြစ်ရန် ပထမ”**ဆိုသည့် စကားရပ်သည် ကျန်းမာရေးစောင့်ရှောက်မှုတွင် အခြေခံအကျဆုံးနိယာမဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုတစ်ခုကြောင့် မည်သူမျှ မထိခိုက်သင့်ပါ။ သို့သော် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လူနာအန္တရာယ်များအတွက် မဖြစ်ခင်က ရှောင်ရှားနိုင်ရန် ကြီးမားသော အခက်အခဲ အတားအဆီးများရှိနေကြောင်း သိရှိရပါသည်။ ယေဘုယျအားဖြင့် ဤအခြေအနေများသည် လူသားဆန်မှု၊ ကိုယ်ကျင့်တရား၊ ကျင့်ဝတ်၊ ငွေကြေးဆိုင်ရာ အကြောင်းအချက်များနှင့် သက်ဆိုင်နေပါသည်။

**ရရှိသင့်သည့်အခွင့်အရေး**

ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုသည် လူနာအားလုံးအတွက် အချိန်တိုင်း၊ နေရာတိုင်း ခြွင်းချက်မရှိ ရရှိသင့်သည့် အခြေခံအခွင့်အရေးဖြစ်သည်။ သို့သော် လုံခြုံစိတ်ချရမှုမရှိသော ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကြောင့် လူနာထိခိုက်မှုသည် ကမ္ဘာတစ်ဝန်းသေဆုံးမှုနှင့် မသန်စွမ်းဖြစ်မှု၏ အဓိကအကြောင်းရင်းများထဲမှ တစ်ခုဖြစ်နေပြီး နှစ်စဉ် သန်းနှင့်ချီသော လူနာများ ထိခိုက်နစ်နာလျက်ရှိသည်။

**“လူနာများဘေးကင်းရေးဆိုသည်မှာ လူနာတစ်ဦးအား ကာကွယ်ပေးနိုင်သည့် အခြေအနေအတွင်း အန္တရာယ်မရှိစေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆက်စပ်နေသော မလိုလားအပ်သည့် အန္တရာယ်များကို လက်ခံနိုင်ဖွယ်အနည်းဆုံးအထိ လျှော့ချပေးနိုင်ခြင်းဖြစ်သည်”**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပိုမိုကျယ်ပြန့်သော ကျန်းမာရေးစနစ်တွင် လူနာဘေးအန္တရာယ်ကင်းရေးဆိုသည်မှာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အလေ့အထများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ အပြုအမူများ၊ နည်းပညာများနှင့် ဘေးအန္တရာယ်များကို တစ်သမတ်တည်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ လျှော့ချနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များအား တစုတစည်းတည်း စနစ်ကျစွာဖော်ဆောင်ခြင်းဖြင့် ရှောင်လွှဲ၍မရသောအန္တရာယ်ဖြစ်ပွားမှုကို လျှော့ချရန်၊ အမှားအယွင်းဖြစ်နိုင်ခြေနည်းပါးစေရန်နှင့် ဖြစ်ပေါ်လာသည့်အခါ ထိခိုက်မှုကို အနိမ့်ဆုံးအဆင့်အထိ လျှော့ချနိုင်ရန်ဖြစ်သည်။

**“ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုသည် လူနာအားလုံးအတွက် အချိန်တိုင်း၊ နေရာတိုင်း ခြွင်းချက်မရှိ ရရှိသင့်သည့် အခြေခံအခွင့်အရေးဖြစ်သည်။ သို့သော် လုံခြုံစိတ်ချရမှုမရှိသော ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကြောင့် လူနာထိခိုက်မှုသည် ကမ္ဘာတစ်ဝန်း သေဆုံးမှုနှင့် မသန်စွမ်းဖြစ်မှု၏ အဓိကအကြောင်းရင်းများထဲမှ တစ်ခုဖြစ်နေပြီး နှစ်စဉ် သန်းနှင့်ချီသော လူနာများ ထိခိုက်နစ်နာလျက်ရှိ”**

**သက်ဆိုင်သူများအားလုံး စိတ်ဝင်တစား ပူးပေါင်းပါဝင်ရေး**

လူနာဘေးကင်းမှု တိုးတက်ကောင်းမွန်လာစေရန် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်တိုင်းတွင် လူနာများနှင့် ၎င်းတို့၏ မိသားစုများ၊ ပြုစုစောင့်ရှောက်ပေးသူများ၏ တက်ကြွစွာ ထိတွေ့ဆက်ဆံမှု လိုအပ်သည့်အတွက် ကမ္ဘာလုံးဆိုင်ရာ အသိပညာကို မြှင့်တင်ရန် လိုအပ်ပါသည်။

မူဝါဒချမှတ်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှု ခေါင်းဆောင်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အခြားပါဝင်ပတ်သက်သူများသည် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူနာများ၊ လူနာမိသားစုများနှင့် ထိတွေ့ဆက်ဆံရန် အရေးကြီးပါသည်။ လူနာများနှင့် မိသားစုများအား ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် တက်ကြွစွာ ပါဝင်နိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် ဘေးကင်းမှု တိုးတက်ကောင်းမွန်လာစေရန် ပူးပေါင်းလုပ်ဆောင်ရေး တိုက်တွန်းရပါမည်။

ဘေးကင်းလုံခြုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လူနာများနှင့် လူနာရှင်မိသားစုများ၏ အပေါ်တွင်လည်း မူတည်နေပါသည်။ လူနာများနှင့် မိသားစုများသည် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်တိုင်းတွင် ပါဝင်သင့်ပါသည်။ လူနာနှင့် လူနာရှင်မိသားစုအပေါ် ထိတွေ့ဆက်ဆံမှုသည် ပိုမိုဘေးကင်းသော ကျန်းမာရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကကျသည့် မဟာဗျူဟာဖြစ်သည်။ **“လူနာအတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်”** ဆိုသည်ထက် **“လူနာနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးစနစ်”** ဆီသို့ ပြောင်းလဲဆောင်ရွက်ရမည့် ခေတ်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။

စင်စစ်အားဖြင့် လူနာနှင့် လူနာရှင်မိသားစုဝင်များသည်လည်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အဓိကအသုံးပြုကြသူများပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် လူနာ၏အခြေအနေအပေါ် အပြည့်အဝအသိပေးသဘောတူမှုနှင့်အတူ ဆုံးဖြတ်ချက်ချခြင်း၊ မူဝါဒချမှတ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းအထိ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်တိုင်းတွင် ပါဝင်သင့်ပါသည်။

**အားလုံးလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု၏ ခက်မ**

ဘေးကင်းပြီး အရည်အသွေးမြင့်သော ကျန်းမာရေးဝန်ဆောင်မှုများပေးစဉ်အတွင်း လူနာများ၏ ဘေးကင်းရေးသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အားကောင်းလာစေရန်နှင့် SDGs – ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အမှတ် ၃ အရ အသက်အရွယ်မရွေး ထိရောက်သော Universal Health Coverage (UHC) သို့ တိုးတက်အောင်မြင်စေရန်အတွက် ကြိုတင်လိုအပ်ချက်တစ်ခုဖြစ်သည်။

SDGs ၏ ရည်မှန်းချက်အမှတ် ၃.၈ သည် **“ဘဏ္ဍာရေးဆိုင်ရာအန္တရာယ်ကာကွယ်မှု၊ အရည်အသွေးပြည့်ဝသည့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများရယူခြင်းနှင့် ဘေးကင်းသော၊ ထိရောက်သော၊ အရည်အသွေးမီပြီး လူတိုင်းလက်လှမ်းမီနိုင်သော ဆေးဝါးများနှင့် ကာကွယ်ဆေးများ”** အပါအဝင် UHC ကို ရရှိရန် အလေးထားခြင်းဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုမှတစ်ဆင့် လူနာ၏ ဘေးအန္တရာယ်(Risk)ကို လျှော့ချနိုင်ရန် လိုအပ်သလို ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို စွမ်းဆောင်ရည်မြှင့်တင်ရာတွင်လည်း လူနာဘေးကင်းရေး၏ အကျိုးသက်ရောက်မှုကို အသိအမှတ်ပြုရန်လည်း အရေးကြီးပါသည်။ ဘေးကင်းသော ဝန်ဆောင်မှုများပေးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ရပ်ရွာလူထု၏ ယုံကြည်မှုရရှိရန်အတွက်လည်း အထောက်အပံ့ဖြစ်စေပါသည်။

ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာ အခြေအနေများအရ ပိုမိုရှုပ်ထွေးသော ပတ်ဝန်းကျင်များတွင် လုပ်ဆောင်နေရသော ကျန်းမာရေးစနစ်များနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကမ္ဘာ့အခင်းအကျင်းသည်လည်း ပြောင်းလဲလျက်ရှိသည်။ ကုသမှုအသစ်များ၊ နည်းပညာများနှင့် စောင့်ရှောက်မှုပုံစံအသစ်များသည် ကုထုံးဆိုင်ရာ အလားအလာအသစ်များရှိနိုင်သော်လည်း ၎င်းတို့သည် ဘေးကင်းသောစောင့်ရှောက်မှုအတွက် ခြိမ်းခြောက်မှုအသစ်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ လူနာဘေးကင်းရေးသည် ကျန်းမာရေးစောင့်ရှောက်မှု၏ အခြေခံနိယာမဖြစ်ပြီး ယခုအခါ ကြီးထွားလာသော ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစိန်ခေါ်မှုကြီးအဖြစ် အသိအမှတ်ပြုလာကြသည်။ အချို့သော ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင် ရှေ့ပြေးအဖြစ် လုပ်ဆောင်နေသော်လည်း လူနာအန္တရာယ် ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများသည် လွန်ခဲ့သော ၁၅ နှစ်အတွင်း သိသိသာသာ ပြောင်းလဲနိုင်မှုမရှိခဲ့ပါ။

ရှင်းလင်းသော မူဝါဒများ၊ ဘေးကင်းလုံခြုံရေးတိုးတက်မှုများကို မောင်းနှင်ရန် ပဓာနကျသော ဒေတာအချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုကျွမ်းကျင်သူများနှင့် စောင့်ရှောက်မှုလုပ်ငန်းစဉ်တွင် လူနာများနှင့် မိသားစုများ၏ ထိရောက်စွာပါဝင်ပတ်သက်မှု စသည့် အားလုံးသော အချက်များသည် ကျန်းမာရေးစောင့်ရှောက်မှု၏ ဘေးကင်းမှုနှင့် ထင်ရှားသောတိုးတက်မှုများ ခိုင်မာသိသာစေရန် လိုအပ်ပါသည်။

**လူနာများ၏အသံကို မြှင့်တင်ပါ**

လူနာများဘေးကင်းရေးအတွက် လူနာများနှင့် ထိတွေ့ဆက်ဆံခြင်း ခေါင်းစဉ်အောက်တွင် လူနာများ၊ မိသားစုများနှင့် ပြုစုစောင့်ရှောက်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ဘေးကင်းရေးတွင် ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ လူနာများအား ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် လုပ်ဖော်ကိုင်ဖက်များအဖြစ် ဆက်ဆံခြင်းမှတစ်ဆင့် ဘေးကင်းမှု၊ လူနာစိတ်ကျေနပ်မှုနှင့် ကျန်းမာရေးရလဒ်ကောင်းများရရှိမှုစသည့် သိသာထင်ရှားသော အကျိုးကျေးဇူးများကို ရရှိနေပါသည်။ လူနာများသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်လာခြင်းဖြင့် ၎င်းတို့၏ စောင့်ရှောက်မှုဘေးကင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခုလုံးအတွက် အထောက်အကူ ဖြစ်စေနိုင်သည်။

**“လူနာများ၏အသံကို မြှင့်တင်ပါ”** ဟူသော ဆောင်ပုဒ်ဖြင့် လူနာများအား ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် ပါဝင်ရန်၊ မူဝါဒရေးဆွဲရာတွင် ပါဝင်ရန်၊ အုပ်ချုပ်မှုဖွဲ့စည်းပုံများတွင် ကိုယ်စားပြုပြီး ဘေးကင်းရေးဗျူဟာများကို ပူးတွဲရေးဆွဲကာ တက်ကြွသောမိတ်ဖက်များအဖြစ် အသိအမှတ်ပြုရန်နှင့် လိုအပ်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က တောင်းဆိုထားသည်။ ဘေးကင်းမှု၊ လူနာဗဟိုပြုမှု၊ ယုံကြည်စိတ်ချရမှုနှင့် သာတူညီမျှမှုတို့ကို မြှင့်တင်ရန်၊ လူနာတို့၏အသံ၊ စိုးရိမ်မှုများ၊ မျှော်လင့်ချက်များနှင့် ဦးစားပေးမှုများကို မြှင့်တင်ရန်တို့အတွက် မတူကွဲပြားသောလူနာများ၊ မိသားစုများနှင့် အသိုင်းအဝိုင်းများအတွက် ယုံကြည်မှုတည်ဆောက်ကာ အခွင့်အလမ်းများကို ပံ့ပိုးပေးခြင်းဖြင့်သာ အောင်မြင်နိုင်ပါသည်။

**လူနာများ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချနိုင်**

လူနာဘေးကင်းမှုသည် ဆေးကုသမှုတွင် လူနာအတွက် ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်များကို တစ်သမတ်တည်းနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် လျှော့ချပေးနိုင်သော လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ အပြုအမူများ၊ နည်းပညာများ၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်များကို ဖန်တီးပေးသည့် စည်းရုံးလှုပ်ရှားမှု မူဘောင်တစ်ခုဖြစ်သည်။ အဆိုပါမူဘောင်ကို ကျန်းမာရေးစောင့်ရှာက်မှုပေးသူများ၊ တာဝန်ခံများ၊ လူနာများနှင့် လူနာရှင်များက ဟန်ချက်ညီ စနစ်တကျနားလည်မှုရှိရှိ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းအားဖြင့် ဆေးကုသမှုလုပ်ငန်းစဉ်များတွင် လူနာများ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချနိုင်မည်ဖြစ်ကာ လူနာဘေးကင်းလုံခြုံမှု ထိရောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား: World Health Organization**

# မုံရွာမြို့၌ e-Government လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ e-Government စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် e-Government လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်း ဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေး ဦးစီးကော်မတီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် e-Government လုပ်ငန်းကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ ဌာနများကိုလည်း e-Government လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် တွန်းအားပေးလျက်ရှိပါကြောင်း၊ ယခုသင်တန်းသည် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်တာများအား ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရန် ဦးတည်သည့် ခရီးစဉ်အတွက် အရေးပါသည့် ခြေလှမ်းတစ်ခု ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း တွင်ရှိသည့် ပြည်သူပြည်သား အားလုံးအတွက် ပိုမိုထိရောက်သည့် ပွင့်လင်းမြင်သာမှုနှင့် လက်လှမ်းမီနိုင်သော အစိုးရ တစ်ရပ်ကို တည်ဆောက်ရန် အတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း။

နည်းပညာ၏စွမ်းအားကိုအသုံးချခြင်းဖြင့် မိမိတို့တိုင်းဒေသကြီး အတွက် ပိုမိုတောက်ပသည့် အနာဂတ်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် တာဝန်ရှိသူအားလုံး အတူတကွ ပူးပေါင်းလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းတွင် ထူးချွန် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆု လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက သင်တန်းနည်းပြနှင့် လက်ထောက် နည်းပြများအတွက် နည်းပြတစ်ဦးထံ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် တိုင်းဒေသကြီး e-Government စနစ် အကောင်အထည်ဖော်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်**




# လက်တွေ့ကမ္ဘာထဲက စီးပွားရေးသီအိုရီအယူအဆ စာစုများ စာအုပ်ထွက်ရှိ

စာရေးသူ စောနိုင် (အသုံးချဘောဂဗေဒ) ရေးသားပြုစုသည့် လက်တွေ့ကမ္ဘာထဲက စီးပွားရေး သီအိုရီအယူအဆ စာစုများ စာအုပ် ထွက်ရှိလာသည်။




အဆိုပါစာအုပ်တွင် ငွေတန်ဖိုးကျခြင်းနှင့် ငွေတန်ဖိုးချခြင်း၊ ဂလိုဘယ်အင်ဖလေးရှင်း ဝေဒနာ ပြန်ထလာသလား၊ ဒီဖလေးရှင်း၊ စီးပွားရေး ကျဆင်းခြင်း၊ ရီဆက်ရှင်းနှင့် ဒီပရက်ရှင်း၊ အရုပ်ခပ်ဆိုးဆိုး ဖလေးရှင်း သို့မဟုတ် စတက်ဖလေးရှင်း၊ ဂရိဖလေးရှင်းနှင့် လောဘ၊ စီးပွားရေး နာလန်ထ မည်သို့မည်ပုံ၊ စီးပွားရေးရောင်စုံ၊ ပန်ဒဲမစ်၊ ကိုရိုနာဗိုင်းရပ်စ်၊ ပန်ဒိုနောမစ်၊ ကိုရိုနောမစ်၊ ဈေးကွက်သို့မဟုတ် အစိုးရကို အကြောင်းပြု၍ စသည့် ခေါင်းစဉ်များအပါအဝင် ခေါင်းစဉ် ခွဲပေါင်း ၂၀ ဖြင့် စာဖတ်သူတို့ စိတ်ဝင်စားဖွယ် ရေးသားထားရာ စာဖတ်သူတို့ အကြိုက်တွေ့စေမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ကြောင်း ညွှန်းဆိုလိုက်ရပါသည်။

စာအုပ်ကို လွင်သစ္စာစာပေ အမှတ် (၂၄၁) အောင်တံခွန်လမ်း (၂၉) ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရန်ကုန် မြို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိထားသည်။

**သတင်းစဉ်**

# ယခုနှစ် မတ်ပဲစိုက်ဧက ပိုမိုများပြားလာသည့်အပြင် စိုက်ပျိုးသူအရေအတွက်လည်း တိုးလာ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ယခုနှစ်တွင်မတ်ပဲစိုက်ဧက ပိုမိုများပြားလာသည့်အပြင် စိုက်ပျိုးသူအရေအတွက်လည်း ယခင်ထက် တိုးလာကြောင်း မတ်ပဲဈေးကွက်အတွင်းမှ သိရသည်။

တောင်သူများအနေဖြင့် ယခင်နှစ်များက မတ်ပဲအပြင် ကြားပဲအမျိုးအစားများကို ထည့်သွင်းစိုက်ပျိုးခဲ့ကြသော်လည်း ယခုနှစ်တွင် မတ်ပဲကိုသာ အဓိကစိုက်ပျိုးကြကြောင်း၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ဒေသတစ်ခုလုံး၌ ယခုနှစ်တွင် မတ်ပဲကို အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်က မတ်ပဲစိုက်ဧကများတယ်။ ကြားပဲတွေစိုက်ကြတာနည်းသွားတယ်။ အရင်နှစ်က ကြားပဲတွေစိုက်ကြတာများတယ်။ ပဲကြီးတို့၊ ပဲတီစိမ်း၊ ပဲတီနီ၊ ပဲပုပ်တို့၊ ပဲလွမ်းဖြူ၊ ပဲလွမ်းနီတို့ စိုက်ကြတယ်။ အခုက အဲဒါတွေ မစိုက်တော့ဘဲ မတ်ပဲတစ်မျိုးပဲ စိုက်ကြတယ်။ ပဲခူးတိုင်းအနောက်တစ်ခြမ်းလုံးက ဒီနှစ်မတ်ပဲကိုပဲ စိုက်ကြတယ်။ သာယာဝတီ၊ လက်ပံတန်း၊ မိုးညို၊ ထိန်တော၊ မင်းလှ၊ အုတ်ဖို၊ ရွှေတောင်အထိ အကုန်စိုက်ကြတယ်"ဟု လက်ပံတန်းမြို့နယ် နိုင်မဟာ မတ်ပဲပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရာသီဥတု အခြေအနေကြောင့် မတ်ပဲမျိုးစေ့များပြန်စိုက်ရသည့် အခြေအနေများလည်း ရှိကြောင်း သိရသည်။

"မတ်ပဲကရာသီဥတုဖောက်ပြန်တော့ မျိုးက နှစ်ခါကုန်ကျတယ်။ မျိုးတွေရောင်းရတယ်။ ဈေးကတော့ မတ်ပဲက ရန်ကုန်ဈေးကွက်မှာ ကျနေတယ်။ အတက်ဘက်ကို မသွားဘူး။ တစ်ပတ်အတွင်း အကျဘက်ကို သွားနေတယ်။ တောင်သူတွေကိုတော့မျိုးတွေရောင်းနေရတယ်။ ရန်ကုန်ပွဲရုံတွေကိုလည်း ပို့ရတယ်၊ အခုကတောင်သူတွေ စိုက်ပျိုးနေတဲ့ အချိန်လည်းဖြစ်တယ်။ နောက်သုံးလဆို ပဲပေါ်ပြီ" ဟု ၎င်းက ဆက်လက်ပြောသည်။

**Thit Taw**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့် ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့် အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင် လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**




**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**

# အိမ်ဟာ အပါယ်လေးဘုံ

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

(၇-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

အခု လူ့ဘဝရောက်နေတယ်ဆိုတာ နိဗ္ဗာန်ကို မတောင့်တဘဲ လူ့ဘဝကို တောင့်တလို့ လူ့ဘဝ ရောက်နေတာ။

ဒီလို မတောင့်တတာကလည်း တဏှာက တောင့်တလို့၊ တဏှာကခေါ်လို့ ရောက်နေတာပါ။ ဒါကြောင့် တဏှာက ကိုယ့်လူ့ဘဝရဲ့အိမ်ရှင်လို့ ပြောလိုက်ရင်တောင် ပိုပြီးကောင်းပါသေးတယ်။

အခု လောကကြီးထဲမှာ လူ့ဘဝ၊ လူအဖြစ်နဲ့ နေနေရတာက တဏှာအိမ်ရှင်ရဲ့မျက်နှာကို မော့ကြည့်နေရတာအချိန်တိုင်းပါပဲ။ အမြဲတမ်းလောဘ မျက်နှာကို မော့ကြည့်နေရတာပါ။ အဲဒီလိုမော့ကြည့်နေရတဲ့ ဒုက္ခဆင်းရဲမျိုး ဖြစ်နေတာကိုက ကိုယ့်ကိုယ်ကိုယ် ညွှံ့သည်လို့ သိလိုက်စမ်းပါ။

ကိုယ်နဲ့အတူ ကိုယ့်ခေါ်လာတဲ့ အဖော်ပါလာတယ်။ ကိုယ်သိတဲ့လူကို ခေါ်လာမိတယ်။ အဲဒီတော့ ကိုယ်နဲ့ပါသမျှသူတွေ အဆင်ပြေအောင် သူ့မျက်နှာကိုပဲ ကြည့်နေရတာ။ အိမ်ရှင်ရဲ့မျက်နှာကိုပဲကြည့်နေရတာ၊ မလွတ်လပ်ပါဘူး။

အောင်မယ်လေး၊ ညွှံ့သည်လုပ်ဖူးမှ ဒီဒုက္ခတွေကို သိတာနော်။ ကိုယ်နဲ့ ပါလာတဲ့လူကျတော့ တဏှာဆိုတဲ့သူက အသိဟောင်းဖြစ်နေတော့ ရင်းရင်းနှီးနှီး ပြောလို့ဆိုလို့၊ ကိုယ့်အဖော်နဲ့ အိမ်ရှင်နဲ့က ရယ်လို့မောလို့။ ကိုယ့်ကိုကျတော့ အိမ်ရှင်က ခပ်တည်တည်ကြီး လုပ်နေတယ်ဆိုရင်၊ ထမင်းချကျွေး ခပ်တည်တည်ကြီးဆိုရင် နှိုက်ရမယ့်လက်တောင်တွန့်တယ်။ စားရမယ့် ပါးစပ်တောင် မဟဝံ့တော့ဘူး။

အောင်မယ်လေး၊ တခြားတခြား အကြောင်းတွေကြောင့် အဆင်မပြေတဲ့အိမ်မှာ တည်းခိုရတာဆိုရင် နေရထိုင်ရတာ ကျဉ်းကျပ်လိုက်တာ။ သူများအိမ်မှာ ညွှံ့သည်သွားလုပ်ရင် အဆင်မပြေတဲ့အခါ အဲဒီလို ခံစားရတယ်နော်။

လူ့ဘဝရောက်လာတာ၊ ကိုယ်ကညွှံ့သည်။ အိမ်ရှင်တဏှာ ခိုင်းတာကို အမြဲတမ်းလုပ်နေရတာ။ ဘယ်လောက်ကျဉ်းကျပ်၊ ဘယ်လောက်ပင်ပန်းလိုက်သလဲ။

နေစမ်းပါဦး၊ ရေလေး ချိုးစမ်းပါရစေဦး၊တဏှာ၊ တဏှာက ခိုင်းတာ။

အမယ်လေး နေစမ်းပါ၊ ဘာ ဒါလောက် အရေးကြီးနေတာလဲ။ အဲဒီလို ပြောတာကလည်း တဏှာ၊ ဒီတဏှာပါပဲ။

စီးပွားရေးကြီးပွားရေး၊ သားရေးသမီးရေး၊ လူမှုရေး အရေးတွေ စုံနေတာပါပဲ၊ နေ့စဉ်မပြတ်လုပ်လိုက်ရတဲ့ အလုပ်မျိုးစုံတွေ၊ ဒါတွေကို ဘယ်သူခိုင်းတာလဲဆိုတော့ ဒီတဏှာက ခိုင်းတာပါပဲ။

ဒီဘဝ ဒီခန္ဓာ၊ ဟိုဘဝ ဟိုခန္ဓာနဲ့ တစ်သံသရာလုံး ကိုယ်ကလုပ်ပေးကိုင်ပေးပြောပေးဆိုပေးခဲ့ရတာတွေဟာ နိဗ္ဗာန်ကိုကြည့်ပြီး လုပ်ခဲ့ရတာတစ်ခုမှ မရှိသေးပါဘူး။

နိဗ္ဗာန်ကိုကြည့်ပြီးတော့ လုပ်ခဲ့ကိုင်ခဲ့တာ မရှိခဲ့သေးပါဘူး။ ရှိခဲ့ရင် နိဗ္ဗာန်ကို ရောက်သွားတာကြာလှပြီပေါ့။

ဘဝသံသရာတစ်လျှောက် နိဗ္ဗာန်ကိုကြည့်ပြီး ပြောခဲ့မိတဲ့ စကားမရှိဖူးပါဘူး။ နိဗ္ဗာန်ကိုကြည့်ပြီး စဉ်းစားကြံစည်ခဲ့တာ မရှိဖူးပါဘူး။ တဏှာမျက်နှာကြည့်ပြီး ဒါလေးတော့လုပ်မှကောင်းမှာ၊ တရားစခန်းဝင်ချင်တာတောင် အိမ်အတွက်၊ နောက်က လူတွေအတွက် အကုန်ရှာခဲ့ဖွေခဲ့ပေးခဲ့ရပါသေးတယ်။ မှာခဲ့ပြုခဲ့ပြောဆိုခဲ့ရသေးတယ်။

တဏှာမျက်နှာ ကြည့်နေရတယ်ဆိုတာ အခုလို စဉ်းစားလေလေ၊ ပိုပြီးသိလာလေလေပါပဲ။ တော်တော်သံဝေဂရဖို့ ကောင်းပါတယ်။

တရားလေးနာချင်တာတောင်မှ အိမ်မှာ လုပ်စရာရှိတာ တောက်တောက် တောက်တောက်နဲ့ မြန်မြန် လုပ်ခဲ့ပြီးမှ လာခဲ့ရတာပါ။

တဏှာမျက်နှာ ကြည့်နေရတာ ကြောက်စရာအလွန်ကောင်းလိုက်တာ။ ညွှံ့သည်လုပ်ရတာ တကယ်ဒုက္ခရောက်ပါတယ်။ ကိုယ့်အိမ်လောက် မလွတ်လပ်ပါဘူး။ သူများအိမ်မှာ မဖြစ်လို့သာ နေနေရတာပါ။အဲဒီလိုပါပဲ၊ဟောဒီလောကကြီးထဲမှာလည်း လူ့ဘဝပျော်စရာဆိုလို့ တစ်စက်မှ ရှာမရပါဘူး။ တစ်ကွက်မှ ရှာမရပါဘူး။ ဒါက သံသရာသွားမယ့် ပကတိညွှံ့သည်အကြောင်းကို ပြောပါတယ်။

နောက်တစ်မျိုး၊ နိဗ္ဗာန်သွားမယ့် ညွှံ့သည်ဆိုရင်တော့ နိဗ္ဗာန်စခန်း သံသရာလမ်းလျှောက်ပြီဆိုရင် ကုသိုလ်ပါရမီရိက္ခာထုပ်ပါရပါတယ်။ ခရီးတစ်လျှောက် မပင်ပန်းအောင် ရိက္ခာတွေထုပ်ယူသွားရပါတယ်။

အခု မိမိတို့မှာလည်း ထိုက်သင့်သလောက်ရိက္ခာထုပ်ပါပါတယ်လို့ဆိုရင် ကိုယ်ထုပ်ထားတဲ့ အထုပ်လေး ဖြေကြည့်လိုက်။ ဒါနက လူချမ်းသာ၊ နတ်ချမ်းသာတွေကို ခံစားစံစားပြီးတော့ နိဗ္ဗာန်ရောက်စေမယ့်ဒါနမျိုး ဖြစ်ပြီလားလို့။

ကိုယ်ထုပ်ခဲ့တဲ့ ဒါနအထုပ်ထဲ ပြန်ကြည့်စမ်းပါဦး။ ထုပ်ထားတဲ့အဝတ်ကလည်း အဝတ်စုတ်၊ ထည့်ထားတဲ့ပစ္စည်းကလည်း အစုတ်ပလုတ်၊ ကောက်ကြည့်တော့လည်း တစ်ခုမှ သုံးမရ။

ဘယ်မလဲ ဒါနအထုပ်၊ 'အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထု၊ လှူချင်တဲ့ စိတ်စေတနာ၊ ဒါနပြည့်စုံလို့ လှူလိုက်ပါတယ်'တဲ့။

ဒါနကို ပြောပြပါဦးမယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အလောင်းတော်သုမေဓာသတို့သားဘဝတုန်းက မိဘဘိုးဘွားတွေက ဆုံးပါးသွားကြတော့ သားလေးတစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။

ဘုရားလောင်း သုမေဓာက ဘဏ္ဍာတိုက်ကြီးကို ဖွင့်ကြည့်တော့ -

"ဟယ်... ရွှေငွေ ရတနာပစ္စည်းတွေအများကြီးပဲ"

ရွှေတွေငွေတွေ ဥစ္စာတွေ၊ အဘိုးဘက်ကပါတာ၊ အဘွားဘက်ကပါတာ၊ အဖေရှာသွားခဲ့တဲ့ဟာ၊ အမေရှာသွားခဲ့တဲ့ဟာ၊ အများကြီးပဲ ကျန်ခဲ့တယ်။

"ဟင်..သူတို့ ဘာလို့ ယူမသွားတာလဲ။ ငါ လှူရင်းနဲ့ ယူမယ်ဟေ့" ဆိုပြီး လှူလိုက်တာ တစ်ရက်လှူ နှစ်ရက်လှူ၊ အလှူခံလာသမျှ ကိုယ်တိုင်လှူရင်းနဲ့ လေး၊ ငါးရက်မြောက်လည်းကျရော စဉ်းစားပြီ။

ဘုရားအလောင်း စဉ်းစားတယ်။ သူတော်ကောင်းတွေ စဉ်းစားတယ်။ ပညာရှိတွေ စဉ်းစားတယ်။ အသိဉာဏ်ကြီးတဲ့သူတွေက စဉ်းစားတယ်။

"တို့က မအိုရာ၊ မနာရာ၊ မသေရာ နိဗ္ဗာန်ကို သွားချင်တာ၊ နိဗ္ဗာန်ကို ရောက်ချင်တာ"

"အခု လှူရင်းနဲ့ သေသွားနိုင်တယ်။ လှူရင်းနဲ့ အိုနေတယ်။ လှူရင်းနဲ့ နာနေတယ်။ လှူတာကို တန်ဖိုးထားပြီးတော့ မအို၊ မနာ၊ မသေတဲ့ နိဗ္ဗာန်ကို မြတ်နိုးပြီး လှူနေတယ်ဆိုပြီးတော့ လှူတာနဲ့ မွေ့လျော်၊ လှူတာနဲ့ပျော်၊ အလှူကိုပဲ အာရုံပြုရစိုက်ရင်းနဲ့ နိဗ္ဗာန်ကို အာရုံမပြုမိ၊ နိဗ္ဗာန်ရောက်ဖို့ စိတ်ဆန္ဒတွေ ပျောက်နေပြီဆိုရင်တော့ နိဗ္ဗာန်နဲ့ ဆန့်ကျင်ဘက် ကန့်လန့်ကြီး လှူနေတာပါလား"လို့ သိလာကြပါတယ်။



တကယ် လှူချင်ရင် လှူပုံလှူနည်းကလွယ်လွယ်လေးပါ။ နိဗ္ဗာန်ကို အာရုံပြုပြီး နိဗ္ဗာန်ကို မြန်မြန်သွားလိုတဲ့၊ နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ်များ၊ ဘုရားအလောင်းတော်များ လှူသွားပုံလေးကို ကြည့်ကြစမ်းပါ။

အလှူခံပုဂ္ဂိုလ်တွေကိုလည်း မစောင့်နေတော့ပါဘူး။ လှူဖွယ်ဝတ္ထုတွေကိုလည်း မစီမံတော့ပါဘူး။ အခမ်းအနားလည်း မပြင်ဆင်တော့ပါဘူး။ မဏ္ဍပ်တွေလည်း မထိုးတော့ပါဘူး။

စာလေးတစ်ကြောင်း ရေးလိုက်တယ်။

"လိုတဲ့သူ လိုတာအကုန်ယူ" တဲ့။

"လိုတဲ့သူ လိုတာကို လိုသလောက်အကုန်ယူ" ဆိုတဲ့ သဘောပေါ့။

ဒါမှ နိဗ္ဗာန်ရောက်တဲ့အလှူ ဘာမှ မငဲ့တော့ပါဘူး။

ဘယ်လောက်ကောင်းမြတ်လိုက်တဲ့အလှူလဲ၊ နိဗ္ဗာန်ကို ဒါနနဲ့အလှူပေးရင်း စံဝင်ချင်တဲ့ သူတော်ကောင်းပညာရှိတွေဟာ ဒီနည်းနဲ့ လှူကြည့်ကြစေချင်ပါတယ်။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ညွှံ့သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# သံဃအဂါရဝ

သံဃာ့ကျေးဇူးသည် ကျွန်တော်တို့အပေါ်၌ အလွန်တရာကြီးမားလှပေ၏။ သံဃာ၏ကျေးဇူးကြောင့်ပင် ကျွန်တော်တို့မှာ ဘုရားမှန်းသိကြရ၊ တရားမှန်းသိကြရ၊ သံဃာမှန်းသိကြရ၊ မိမှန်းဖမှန်းသိကြရသည်။ ထို့ပြင် "ဒါကရှောင်ရမည့်အလုပ်အကုသိုလ်၊ ဒါကဆောင်ရမည့်၊ ပြုကျင့်ရမည့် အလုပ်ကုသိုလ်" စသည်ဖြင့် နားလည်ကြရပေသည်။

သံဃာသည် ဗုဒ္ဓဘုရားရှင် မဟာပရိနိဗ္ဗာန်စံတော်မူပြီးသည့်အချိန်မှစ၍ ယနေ့အထိ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကို လက်ဆင့်ကမ်း၍ ခက်ခက်ခဲခဲ သယ်ဆောင်လာခဲ့သည်။ ဗုဒ္ဓ၏ အဆုံးအမဟူသမျှ အတိမ်းအစောင်းမရှိရလေအောင်၊ အယိုအပေါက်မရှိရလေအောင် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ သံဃာ့ကျေးဇူးကြောင့်သာ ကျွန်တော်တို့ ယခုအခါ သာသနာ့အရိပ်ကို ခိုလှုံခွင့်ရနေခြင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် မိမိ၏ တပည့်သံဃာကိုအားကိုးသည်။ မိမိမရှိသည့်နောက် မိမိသာသနာကို သံဃာကပင် ဆက်လက်စောင့်ရှောက်မည့်အကြောင်း အမိန့်တော်ရှိခဲ့သလို မိမိသာသနာ ကွယ်ပဆုတ်ယုတ်နိုင်သည့် အကြောင်းတွင်လည်း သံဃအဂါရဝ၊ သံဃာအပေါ်မရိုမသေ၊ မလေးမစားပြုခြင်းကိုလည်း အကြောင်းတစ်ရပ်အဖြစ် မိန့်တော်မူခဲ့သည်။

ထိုသံဃအဂါရဝသည် ကျွန်တော်တို့နှင့် နေ့စဉ်ထိတွေ့နေရသော ကိစ္စကြီးပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့က သံဃာကို မရိုမသေ၊ မလေးမစား




မပြုမိအောင် ဂရုတစိုက်ရှိကြရပေမည်။

ကျွန်တော်တို့ လမ်းသွားသည့်အခါ ရဟန်းသံဃာများကိုတွေ့က လမ်းဖယ်ပေးရမည်၊ ထိုင်ချရှိခိုးသင့်က ရှိခိုးရမည်။ မတ်တပ်ရပ်လက်အုပ်ချီရပ်တန့်နေရမည်။ ဦးထုတ်ချွတ်ခြင်း ဦးခေါင်းလုံအောင်တစ်ခုခုနှင့် ခြုံထားပါကလည်း ချွတ်ပစ်လိုက်ရမည်။

နောက်ရှိသေးသည်။ ကားပေါ်၊ ရထားပေါ်သို့ သံဃာများ ကြွရောက်လာပါကလည်း အရိုအသေပြုသဘောနှင့် မတ်တပ်ရပ်ပေးရမည်။ ယုတ်စွအဆုံး မတ်တတ်မရပ်ပေးနိုင်သည့် တိုင်အောင်မှ လက်အုပ်လေးချီ၍အရိုအသေပြုလိုက်ရပေမည်။ နေရာပေးရမည်။

ကျွန်တော်တို့သိထားရမည်မှာ သံဃာထက်မြင့်ရာနေရာက ကျွန်တော်တို့ မနေမိစေဖို့ပင်ဖြစ်သည်။ နောက်ရှိသေးသည် သံဃာတော်များ မခံချိမခံသာအောင် မထီလေးစားသော စကားများကို မကြားတကြားပြောမှု၊ နှိမ့်ချစကားပြောမှု စသည်တို့ကိုလည်း ရှောင်ကြဉ်ရပေမည်။

သံဃာဟူသည် အရိယာသံဃာရော၊ သမုတိသံဃာပါ အကျုံးဝင်သည်။ နှစ်မျိုးစလုံးနှင့်ဆိုင်သည်။ ရဟန်းတစ်ပါးပါးကိုပြုကျင့်ကလည်း သံဃာကို ပြုကျင့်သည်နှင့်တူသည်။ ချုပ်၍ သတိပြုရမည်မှာ သံဃာနှင့်ပတ်သက်သမျှ ကျွန်တော်တို့၏ ကိုယ်အမူအရာများ အမြဲတမ်းသိမ်မွေ့ကိုင်းရှိုင်းနေဖို့ပင်ဖြစ်သည်။

ရဟန်းတစ်ပါးပါးကိုမရိုမသေ၊ မလေးမစား၊ ထိကပါး၊ ရိကပါးပြုမိပါက အပြုခံရဟန်းသံဃာမှာ သီလတန်ခိုးအစွမ်းထက်သလောက် လောင်မြိုက်မှုကို ပြုသူမှာ ခံရတတ်သည်။ ကျမ်းလာအရဆိုပါက သားသမီးမထွန်းကားခြင်း၊ ကျွဲ၊ နွားစသော တိရစ္ဆာန်များ မိမိထံမှာ မထွန်းကားခြင်း၊ လုပ်ငန်းကိုင်ငန်း အဆင်မပြေ။ မထွန်းကားဖြစ်တတ်ခြင်း စသော အပြစ်ဒဏ်များ ရရှိတတ်သည်။ ထန်းပင်ငုတ်တစ်ခုကဲ့သို့ ဘဝတစ်ခုလုံး မစိုမပြေ ငုံးတိတိကြီး ဖြစ်တတ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ အရှည်တည်ရေးအတွက် သံဃအဂါရဝ၊ သံဃာကို မရိုမသေ၊ မလေးမစားပြုမှုဟူသော သာသနာဆုတ်ယုတ်မှုကိုလည်း မပြုမိအောင်သတိနှင့် ရှောင်သင့်ပေသည်။

# မြို့သစ်မြို့နယ် ကွင်းကျေးရွာ၌ ကြက်သွန်နီ(ဥစိုက်)များ စတင်စိုက်ပျိုး

**မြို့သစ် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စစ်တလင်းအုပ်စုရှိ ကွင်းကျေးရွာသည် နှမ်း၊ မြေပဲ၊ ပြောင်း၊ ကြက်သွန်နီနှင့် ပဲမျိုးစုံတို့ကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီ(ဥစိုက်) ဧက ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။



**စတင်စိုက်ပျိုး**

ကြက်သွန်နီကို နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလ နောက်ဆုံးပတ်တွင် တူးဖော်ရကြောင်း၊ ကြက်သွန်နီကို ဥစိုက်နှင့် ပင်စိုက်ဟူ၍ စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ဇော်မွှားဥစိုက်နှင့် ကြမ်းကျွံဥစိုက် (ယခင်နှစ်က ကျန်သောဥသေး)တို့ဖြစ်ပြီး(ဇော်မွှားဥစိုက်) မျိုးကို အများဆုံးစိုက်ပျိုးကြောင်း၊ မျိုးဥအရွယ်အစားပေါ်မူတည်၍ တစ်ဧကလျှင် ပိဿာချိန် ၃၅၀-၄၅၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် ပေါင်လယ်ကွက်ကို ရေသွင်းစနစ်နှင့် ဖြန့်စိုက်၍ ပိုက်ဖျန်းစနစ်တို့ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ မြေပြုပြင်ထွန်ယက်ခ အပါအဝင် ငွေကျပ် ၃၂ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀-၄၀၀၀ ခန့် ထွက်ရှိခဲ့ကြောင်း၊ ကြက်သွန်နီသီးနှံပေါ်စအချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေကျပ် ၂၈ သိန်းခန့် အမြတ်ရရှိသည်။


ဈေးကွက်အနေဖြင့် မကွေးမြို့နှင့် တောင်တွင်းကြီးမြို့တို့ရှိ ကြက်သွန်နီပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်၊ မန္တလေးနှင့် ပြည်မြို့တို့သို့ တင်ပို့ကြောင်း၊ ယခုနှစ် ကြက်သွန်နီပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်း ကြက်သွန်နီ(ဥစိုက်) တောင်သူတစ်ဦးထံမှ သိရသည်။

# မကွေးမြို့နယ်၌ ပဲကြီးဖြူသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မကွေး နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ လယ်ယား၊ ပေါက်တော၊ ကိုးပင်ကွေ့ကျေးရွာများတွင် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပဲကြီးဖြူသီးနှံကို ဧက ၁၂၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပဲကြီးဖြူကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ပဲကြီးဖြူ(လတ်)မျိုးကို ထွန်ကြောင်းဆွဲ၍ အစေ့ချစနစ်ဖြင့် တစ်ဧကလျှင် ငါးပြည်ခန့် စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၃ - ၁၅ တင်းခန့်ထွက်ရှိပြီး ငွေကျပ် ၇၅၀၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။



နိုဝင်ဘာလ ပထမပတ်တွင် ပဲကြီးဖြူ တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀-၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ဒေသတွင်းရှိ ပဲကြော်ပဲလှော်လုပ်ငန်းရှင်များကလည်း ဝယ်ယူကြကြောင်း၊ ပဲကြီးဖြူသည် ကုန်ကျစရိတ်သက်သာပြီး စိုက်ပျိုးရလွယ်ကူသည့် သီးနှံဖြစ်သောကြောင့် နှစ်စဉ်စိုက်ပျိုးကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



# အထက်မင်းလှမြို့နယ်၌ ဖူးစားပြောင်း(အဖြူ)မျိုးများ စိုက်ပျိုး

**အထက်မင်းလှ နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ထန်းကိုင်းကျေးရွာတွင် ဖူးစားပြောင်း (အဖြူ) ၂၅ ဧကခန့် စိုက်ပျိုးထားသည်။

ဖူးစားပြောင်း(အဖြူ)ကို အောက်တိုဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးပြီး ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကာ နှစ်လခွဲအကြာတွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမည့်မျိုးစေ့ကို အထက်မင်းလှမြို့ရှိ စိုက်ပျိုးရေးဆေးဆိုင်များမှ တစ်ဘူးလျှင် ငွေကျပ် ၅၈၀၀၀ ဖြင့် ဝယ်ယူရပြီး တစ်ဧကလျှင် မျိုးစေ့ ခြောက်ဘူးခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် ယခင်နှစ်က တစ်ဧကလျှင် မျိုး၊ လုပ်သားခနှင့် အခြားသွင်းအားစုစရိတ်အပါအဝင် စုစုပေါင်းငွေကျပ် လေးသိန်းခန့် ကုန်ကျခဲ့ပြီး ယခုနှစ်တွင် သွင်းအားစုစရိတ် မြင့်တက်လာသောကြောင့် ငွေကျပ် ငါးသိန်းခွဲခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပြောင်းဖူး ၅၀၀၀ အထိ ထွက်ရှိခဲ့ကြောင်း၊ ဈေးနှုန်းမှာ ဖူးစားပြောင်း (အဖြူ) တစ်ဖူးလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၃၅၀ ရရှိခဲ့ပြီး တစ်ဧကလျှင် ငွေကျပ် ၁၃ သိန်းကျော် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှ-သရက်ကားလမ်းဘေးရှိ ပြောင်းဖူးဒိုင်များသို့ တင်ပို့ရောင်းချရပြီး ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်၍ အကျိုးအမြတ် ပိုမိုရရှိရန် မျှော်လင့်ကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၁၃-၁၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှိမတ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရှောတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း၈) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၀၀၀ | ၂၈၀၀၀ | ၁၀၂၇၅ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၇၇၈ | ၁၇၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၃၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၃၃၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၅၅၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၈၅၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၃၀၀၀ | ၇၄၀၀ | ၈၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၇၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၆၅၀ | ၁၄၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၄၀၀ | ၁၀၅၀၀ | ၄၆၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၁၁၀၀၀ | ၄၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၇၅၅၀ | ၁၂၅၀၀ | ၄၅၀၀ | ၁၅၅၀၀ | ၁၉၀၀၀ | ၉၂၀၀ | ၃၃၀၀ | ၇၀၀ | ၈၅၀၀ | ၇၄၀၀ | ၆၂၀၀ | ၇၀၀၀ | ၅၁၅၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၇၅၅၀ | ၁၃၀၀၀ | ၅၀၀၀ | ၁၆၅၀၀ | ၁၉၅၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၇၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၁၅၀ | ၂၆၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

# “ ဇမ္ဗူဒီပါ ” တန်ဆောင်တိုင် တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက် (သောကြာနေ့ ) ည ၉ နာရီခန့်တွင် “ဇမ္ဗူဒီပါ” တန်ဆောင်တိုင် တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့် ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံဆိုင်းဝိုင်းကြီး၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ကေတုဝင်းထွဋ်၊ ရဲထိုက်၊ ရဲလင်းကျော်၊ ဖြိုးဝေသူ၊ မိုးသောက်ကြယ်၊ ဆွေဆွေမြင့်၊ ရဲရင့်ဝေလွင်၊ မို့မို့ကျော်လွင်၊ ခင်လပြည့်ဝန်းနှင့် စုလှဲ့ဝင်းတို့က သာယာလှပသည့် တန်ဆောင်တိုင် အခါသမယတွင် ပြည်သူများ ကုသိုလ်တရားပွားများပြီး ကြည်နူး ချမ်းမြေ့မှုရရှိနိုင်မည့် သာယာငြိမ့်ညောင်းသည့် ဇမ္ဗူပူဇာ တေးသီချင်းကောင်းများဖြင့် ရွေးချယ်သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

“ချစ်စရာ့အရွယ်ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁) မူလတန်းကြိုကျောင်းနှင့် ချမ်းမြေ့အိမ် မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၁၈ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ ယနေ့ခြေစမ်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ နိုဝင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နိုဝင်ဘာနိုင်ငံတကာရက်သတ္တပတ်တွင် ပထမဆုံးခြေစမ်းပွဲအဖြစ် စင်ကာပူလက်ရွေးစင်အသင်းနှင့် အဝေးကွင်းကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် စင်ကာပူအသင်းနှင့် ခြေစမ်းပွဲအတွက် ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားသော်လည်း ဒဏ်ရာနှင့် ပွဲပယ်ပြဿနာများကြောင့် အမာခံကစားသမားအချို့ ပါဝင်လာခြင်းမရှိသလို စင်ကာပူလက်ရွေးစင်အသင်း တွင်လည်း အမာခံကစားသမားအချို့ ပါဝင်လာခြင်းမရှိပေ။

စင်ကာပူလက်ရွေးစင် အသင်းနှင့် ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ–ဦးရဲဝင်းအောင်၊ နည်းပြချုပ်– ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ–ဦးဇော်ဝင်းထွန်း၊ ဦးမင်းသူ၊ ဂိုးနည်းပြ–အန်ဒရီ၊ ကြံ့ခိုင်ရေးနည်းပြ–ရစ်ချတ်ဟိုလော့၊ ကစားသမားများအဖြစ် ဂိုးသမား–ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးသူ (ရှမ်းယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီယူနိုက်တက်) နောက်တန်း– ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဇွဲခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း (ဒဂုံစတား)၊ သူရိန်စိုး၊ ကျော်ဖြိုးဝေ (ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော် (Tiffy Army, ကမ္ဘောဒီးယား)၊ အလယ်တန်း– ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)၊ လာဒင်မောရ (ဟံသာဝတီယူနိုက်တက်)၊ ခိုင်ရဲဝင်း(အား/ကာသိပ္ပံ)၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ သီဟဇော် (Naga World, ကမ္ဘောဒီးယား)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလန်၊ မလေးရှား)၊ ဆွမ်လန်မန် (ဒဂုံစတား)၊မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ၊ ထိုင်း)၊ ရှေ့တန်း – သန်းတိုးအောင် (ဟံသာဝတီယူနိုက်တက်)၊ ဝင်းနိုင်ထွန်း (ချင်းရိုင်ယူနိုက်တက်၊ ထိုင်း) တို့ ပါဝင်သည်။

**ကိုညီလေး**

**❖ တိုက်စစ်မှူးဇာဇီးမှ**

နယ်သာလန်ကြယ်ပွင့် ဇာဇီးဟာ မန်ယူအသင်းအတွက် သွင်းဂိုးတစ်ဂိုးသာ သွင်းယူပေးထားနိုင်ခဲ့ပြီး အဲဒီသွင်းဂိုးဟာလည်း ဖူလ်ဟမ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းကတည်းက မန်ယူအသင်းအတွက် တစ်ဂိုးမှ မသွင်းယူပေးနိုင်ခဲ့တော့တာလည်းဖြစ်ပါတယ်။

ဒါကြောင့် မန်ယူအသင်းက တိုက်စစ်မှူး ဇာဇီးကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ အငှားစာချုပ်နဲ့ ပြောင်းရွှေ့ခွင့်ပြုဖို့စီစဉ်ထားပြီး လက်ရှိအချိန်မှာ တိုက်စစ်မှူး ဇာဇီးကို ဂျူဗင်တပ်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ အီတလီသတင်းစာ Tuttosport က သတင်းဖော်ပြထားပါတယ်။

**ငွေကြယ်**

**❍ MNL ယူ–၂၀ လိဂ်မှ**

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တောင်ဒဂုံကွင်း၌ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက Dagon Port အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက မဟာယူနိုက်တက်အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ဒုတိယနေရာအတွက် အမှားမခံတော့သည့် အခြေအနေတွင် အား/ကာသိပ္ပံအသင်း ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

